# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၉၄)၊ ၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလဆန်း ၆ ရက် ၊ ၂၀-၆-၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့ရှိ နည်းပညာမြင့် စက်ရုံ၊ အလုပ်ရုံများအား သွားရောက်လေ့လာ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Unitree Robotics Co., Ltd. မှ ထုတ်လုပ်ထားသည့် စွမ်းဆောင်ရည်မြင့် လူသားပုံသဏ္ဌာန်စက်ရုပ်နှင့် အသိဉာဏ်တုနည်းပညာ သုံးမော်ဒယ်များ အသုံးပြု၍ လူသားတစ်ဦးအသွင်ကဲ့သို့ စွမ်းရည်ပြသမှုများကို ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် ဇွန် ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်(State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့ရှိ နည်းပညာမြင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာကြသည်။

**Zhejiang Leapmotor Technology Co., Ltd.**

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် Zhejiang Leapmotor Technology Co., Ltd. သို့ ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌဖြစ်သူ မစ္စတာ ကျူးကျန်းမင်းနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Zhejiang Leapmotor Technology Co., Ltd. ၏ သမိုင်းကြောင်းဆိုင်ရာများ၊ စက်ရုံဆိုင်ရာ အချက်အလက်များနှင့် စာမျက်နှာ ၃ သို့

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၁၉

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ


**ယနေ့ ဖတ်စရာ**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ရှုပ်ထွေးလာသော ဗိုင်ဘာကေဘယ်များ ရှင်းလင်းခြင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိ — ပြည်သူ့လွှတ်တော် စာမျက်နှာ » ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ပြည်ထောင်စုလမ်းမကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည် — အမျိုးသားလွှတ်တော် စာမျက်နှာ » ၁၁

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)၊ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေး — စာမျက်နှာ » ၁၃


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၉

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**လာမည့် စနေ၊ တနင်္ဂနွေ အားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ် ၊ ဇွန် ၂၀ ရက် ၊ စနေနေ့။

မန္တလေး

## နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit)ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ဇွန် ၁၈ရက် မွန်းလွဲပိုင်းတွင်ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာဝမ်ဟောက်က ခေတ္တတည်းခိုလျက်ရှိသည့် ဟန်ကျိုးမြို့၊ Huajia Shanzhuang ဟိုတယ်ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ်ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ် (State Visit) လာရောက်မှုအပေါ် လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ကျဲ့ကျန်းပြည်နယ်တွင်နေထိုင်သည့် ဒေသခံလူဦးရေ ၆၇ သန်းကျော်ကိုယ်စား အဆွေတော်သမ္မတကြီးကို လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်း၊ မိမိတို့သမ္မတကြီးအနေဖြင့် တရုတ်-မြန်မာချစ်ကြည်ရေးကို လွန်စွာအလေးထားပြီး အဆွေတော်သမ္မတကြီးနှင့်မိမိတို့သမ္မတကြီးတို့သည် တွေ့ဆုံဆွေးနွေးမှုများစွာကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် ကျဲ့ကျန်းပြည်နယ်သို့ ပထမဆုံးအကြိမ်ရောက်ရှိခြင်းဖြစ်သည်ဟု မိမိအနေဖြင့်သိရှိရပြီး ပြည်နယ်ဆိုင်ရာ အချက်အလက်များကို တင်ပြလိုပါကြောင်း၊ ကျဲ့ကျန်းပြည်နယ်သည် သွင်းကုန်၊ ထုတ်ကုန်ပမာဏကြီးမားသည့် ဒေသဖြစ်ပြီး ဆန်းသစ်တီထွင်မှု၊ အရည်အသွေးမြင့်မားသည့် လုပ်ငန်းပေါင်းများစွာကိုလည်းပိုင်ဆိုင်ထားရှိကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားကောင်းသည့်ဒေသဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် အားကောင်းလာလျက်ရှိပြီး ကျဲ့ကျန်းပြည်နယ်နှင့် မြန်မာနိုင်ငံကြား၌လည်း စီးပွားရေးနှင့်ယဉ်ကျေးမှုပိုင်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းလာလျက်ရှိပါကြောင်း၊ မိမိတို့ကျဲ့ကျန်းပြည်နယ်အစိုးရအနေဖြင့် နှစ်နိုင်ငံကြားသဘောတူညီချက်များကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးမြှင့်နိုင်ရေးအတွက်လည်း လိုအပ်သည့်တွေ့ဆုံဆွေးနွေးမှုများနှင့် ကူးလူးဆက်ဆံခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား လှိုက်လှိုက်လှဲလှဲကြိုဆိုမှုများနှင့် သာယာလှပပြီးစိမ်းလန်းစိုပြည်မှုရှိသည့် ကျဲ့ကျန်းပြည်နယ်သို့ လာရောက်လေ့လာခွင့်ရရှိသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ အချိန်အခါနှင့်ခေတ်စနစ်များမည်သို့ပင်ပြောင်းလဲသည်ဖြစ်စေ နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုသည် ပိုမိုတိုးတက်လျက်ရှိနေကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ နှလုံးသားချင်းနီးစပ်မှုသာမက ကျန်သည့်ကဏ္ဍများတွင်လည်း ပိုမိုနက်ရှိုင်းသည့်ယုံကြည်မှုများကို တည်ဆောက်နိုင်မည်ဖြစ်သဖြင့် ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုကို တိုးမြှင့်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်သမ္မတနှင့်ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူးတို့သည် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာကဏ္ဍ၊ အထည်အလိပ်ကဏ္ဍ၊ စိုက်ပျိုးရေးနှင့် လက်ဖက်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍတို့တွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း ရေးသားလိုက်ရပေသည်။

## အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေး လှုပ်ရှားမှုများ ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇွန် ၁၉**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများစားသုံးစေရေး၊ ကျောင်းမုန့်ဈေးဆိုင်များတွင် ရောင်းချနေသည့် အစားအသောက်များ ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ၊ မရှိတို့အား မြို့နယ်ကျောင်းကျန်းမာရေးကော်မတီအဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခြင်းကို ချမ်းအေးသာစံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း(လေ့ကျင့်ရေး)ကျောင်းများရှိ ကျောင်းမုန့်ဈေးဆိုင်များတွင် ''အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ သတ်မှတ်ထားသော စားသုံးရန်မသင့်သည့် အစားအစာများရောင်းချခြင်း၊ အားဖြည့်အချိုရည်၊ ဂက်စ်ပါသော အချိုရည်များရောင်းချခြင်း၊ အချိုအငန် လွန်ကဲသော အသင့်စားစားသောက်ကုန်များရောင်းချခြင်းနှင့် သက်တမ်းကျော်လွန်သော အစားအစာများ ရောင်းချခြင်း'' စသည့်အချက်များကိုအခြေခံကာ စစ်ဆေးခဲ့ကြသည်။

အဆိုပါ ကျောင်းကျန်းမာရေး စစ်ဆေးခြင်းကို ချမ်းအေးသာစံမြို့နယ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးကော်မတီ နာယက ဦးထွန်းထွန်းဝင်း၏ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသီတာဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ဝါဝါကျော်နှင့် ကျောင်းကျန်းမာရေးကော်မတီအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

၀-၀-၀-၀-၀

၀-၀-၀

## ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီ တစ်ပိဿာ လက်လီဈေးနှုန်းများ ထုတ်ပြန်

**မန္တလေး ဇွန် ၁၉**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန် ၁၉ ရက်မှ ဇွန် ၂၅ ရက်အထိ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်အထိုင်ဈေး ငွေ ၇၂၈၅ ကျပ် ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်ကား၊ လက်လီ ရောင်းချမည့်ဈေးနှုန်းများအားလည်း ရန်ကုန်အထိုင်ဈေးအပေါ်မူတည်ပြီး ကော်မတီမှသတ်မှတ်သည့် ဒေသအလိုက် အရင်းဈေးအပေါ် အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ် ၂ ရာခိုင်နှုန်း ထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကား ဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ် ဇွန် ၁၉ ရက်မှ ဇွန် ၂၅ ရက်အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီ တစ်ပိဿာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့ ငွေကျပ် ၈၅၇၀၊ မိတ္ထီလာမြို့ ငွေကျပ် ၈၄၀၀၊ ရမည်းသင်းမြို့ ငွေကျပ် ၈၃၇၅၊ ကျောက်ဆည်မြို့ ငွေကျပ် ၈၅၂၅၊ ပြင်ဦးလွင်မြို့ ငွေကျပ် ၈၆၁၅၊ မြင်းခြံမြို့ ငွေကျပ် ၈၆၄၅၊ ညောင်ဦးမြို့အတွက် ၈၅၅၅ ကျပ် ဖြစ်ကြောင်း သိရ သည်။

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀

## မန္တလေးယဉ်ကျေးမှု မန္တလေးရိုးရာပွဲလမ်း အခင်းအကျင်းများနှင့်ပတ်သက်၍ လေ့လာဖတ်ရှုနိုင်ရန် မန္တလေးနှင့်ပတ်သက်သည့် စာအုပ် နှစ်အုပ် တစ်ပြိုင်နက် ထွက်ပေါ်ဖြန့်ချိ

**မန္တလေး ဇွန် ၁၉**

၂၀၀၇ ခုနှစ်က အမျိုးသားစာပေဝတ္ထုရှည်ဆု ရရှိခဲ့သူ စာရေးဆရာ ဆူးငှက်ရေးသားသည့် မန္တလေးရိုးရာအခင်းအကျင်း၊ ပွဲလမ်းနှင့်ပတ်သက်၍ ဖတ်ရှုနိုင်ရန်ရည်ရွယ်လျက်ထုတ်ဝေသည့် မန္တလေးဈေးချိုတော်စာအုပ်နှင့် ရာပြည့်ရာကျော်မန္တလေး စာအုပ် တစ်ပြိုင်တည်းထွက်ရှိလာပြီး စာပေစာအုပ်ဆိုင်ကြီးများသို့ ဖြန့်ချိကာ ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါထွက်ရှိသည့်စာအုပ်တွင် မြန်မာတို့၏ ထီးနန်းမျိုးဆက်တွင် နောက်ဆုံးမင်း နေပြည်တော်ဖြစ်ခဲ့ရာ မန္တလေး၏ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာဓလေ့နှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်တို့ စုစည်းထွန်းကားရာ အကြောင်းအရာများ၊ မြန်မာရှင်ဘုရင်တို့၏ ထီးနန်းအမွေဆက်ခံရာ မန္တလေးသည်နောက်ဆုံးမင်းဆက် သီပေါဘုရင် ပါတော်မူခြင်းနှင့်အတူ ရောဂါဘယဘေး၊ ကမ္ဘာစစ်ကြီးဘေးနှင့် သဘာဝဘေးကြီးများကြုံသည့်တိုင် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ကြီးအဖြစ် တိုးတက်ဖြစ်ထွန်းခဲ့ရာ ထီးဆက်နန်းမွေအပါအဝင် ယဉ်ကျေးမှုနှင့် ရိုးရာ ထုံးတမ်းစဉ်လာဓလေ့များက မပျောက်ပျက်ဘဲ လက်ဆင့်ကမ်း အမွေဆက်ခံထွန်းကားခဲ့သည့် အကြောင်းအရာများဖော်ပြပါရှိသည်။




ယခုအခါ မြန်မာ့ရှေးဟောင်းအမွေအနှစ်များနှင့်ပတ်သက်၍ ဒြပ်ရှိသာမက ဒြပ်မဲ့ယဉ်ကျေးမှုများကိုပါ ကမ္ဘာ့အသိအမှတ်ပြုထိန်းသိမ်းဖော်ထုတ်ကြရာ မန္တလေးနှင့်ပတ်သက်သော မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများသည် အများစု၏ အာရုံစိုက်ခြင်းခံရပြီး မီဒီယာအသီးသီးဖြင့်လည်း ဖော်ထုတ်ခင်းကျင်း ဖြန့်ဝေမှုများလည်း ပိုမိုများပြားလာကာ ယခုနှစ်ကျင်းပခဲ့သည့် မန္တလေးသင်္ကြန်၏ အခင်းအကျင်းများက သာဓက ဖြစ်ကြောင်း။

ထိုသို့ ဖော်ထုတ် ရေးသားဖြန့်ဝေခင်းကျင်းကြရာတွင် မန္တလေး ယဉ်ကျေးမှု မန္တလေးရိုးရာပွဲလမ်း အခင်းအကျင်းများနှင့်ပတ်သက်၍ အများပြည်သူများ လေ့လာဖတ်ရှုနိုင်ရန် မန္တလေးနှင့်ပတ်သက်သည့် စာအုပ် နှစ်အုပ် တစ်ပြိုင်နက် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း စာအုပ်များ ထုတ်ဝေရေးသားသူစာရေးဆရာ ဆူးငှက်ကဆိုသည်။

စာရေးဆရာ ဆူးငှက်သည် သူ၏ ဆိုရှယ်မီဒီယာ စာမျက်နှာများတွင် ထိုစာအုပ်များနှင့်ပတ်သက်၍ တကယ့်အမှန်အကန် မန္တလေး၊ အစစ်အမှန် မန္တလေးဖြစ်ရန်အတွက် ကိုးကားဖို့၊ ရည်ညွှန်းဖို့၊ ဝေမျှဖို့၊ လက်ဆောင်ကမ်းဖို့ အမွေပေးဖို့ ဟု ရေးသားထားသည်။

မန္တလေး ဈေးချိုတော် ဟူသော စာအုပ်သည် တန်ဖိုးငွေကျပ် ၁၀၀၀၀ နှင့် ရာပြည့်ရာကျော်မန္တလေး စာအုပ်က တန်ဖိုးငွေကျပ် ၃၀၀၀၀ ဖြင့် စာပေဖြန့်ချိရေးဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းနှင့် စာရေးဆရာဆူးငှက်သည် မန္တလေး ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့်ပတ်သက်သော ဆောင်းပါးများနှင့်အတူ ဘဝသရုပ်ဖော် ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးသားသူတစ်ဦးဖြစ်ပြီး တိမ်ယံအိပ်မက်မိုးထက်နရီ ဝတ္ထုရှည်ဖြင့် ၂၀၀၇ ခုနှစ်က အမျိုးသားစာပေ ဝတ္ထုရှည်ဆု ရရှိခဲ့သူ ဖြစ်ကြောင်းလည်း သိရသည်။

(ဓဝံ)

**(မန္တလေးနေ့စဉ်-၅)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❒ ရှေ့ဖုံးမှ

စက်ရုံ၏ လစဉ်၊ နှစ်စဉ် စွမ်းဆောင်နိုင်ရည်များ၊ စက်ရုံမှ ထုတ်လုပ်ထားသည့် မော်တော်ယာဉ်အစိတ်အပိုင်းများနှင့် ထုတ်လုပ်ထားရှိပြီးဖြစ်သည့် မော်တော်ယာဉ်များ၊ မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်များ၊ အပြီးသတ်အချောထည် လုပ်ငန်း ဆောင်ရွက်နေမှုများကို စိတ်ပါဝင်စားစွာဖြင့် ပြကွက်တစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ Zhejiang Leapmotor Technology Co.,Ltd. သည် တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့တွင်တည်ရှိပြီး လျှပ်စစ်ကားများ အဓိကထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ Zhejiang Leapmotor Technology Co.,Ltd. သည် ထုတ်ကုန်ပစ္စည်းများ သုတေသနပြုလုပ်ခြင်းနှင့် အစိတ်အပိုင်းများ ထုတ်လုပ်ခြင်းအတွက် ကုမ္ပဏီပေါင်း ၅၀ ကျော်တွင် ရင်းနှီးမြှုပ်နှံထားကြောင်းနှင့် မော်တော်ယာဉ် အစိတ်အပိုင်းများ၏ ၆၅ ရာခိုင်နှုန်းကို ကိုယ်တိုင်တီထွင် ထုတ်လုပ်လျက်ရှိပြီး ၈၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ရည်မှန်းထားရှိကြောင်း၊ လက်ရှိ လျှပ်စစ်ကားများထုတ်လုပ်မှု အခန်းကဏ္ဍတွင် တရုတ်နိုင်ငံအတွင်း၌ အဆင့် ၃ တွင်ရှိပြီး ကမ္ဘာ့အဆင့်အနေဖြင့် အဆင့် ၆ တွင်ရှိကြောင်း၊ ပြည်ပနိုင်ငံများသို့ လျှပ်စစ်ကားများ တင်ပို့မှုအနေဖြင့် ၂၀၂၅ ခုနှစ်တွင် အစီးရေ ၆၀၀၀၀ ကျော် တင်ပို့ခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် အစီးရေ တစ်သိန်းကျော်သည်အထိ တင်ပို့နိုင်ရေး ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လေ့လာမှုများ အပြီးတွင် Zhejiang Leapmotor Technology Co., Ltd. ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

**Zhejiang Qingshi New Material Technology Co.,Ltd.**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့သည် Zhejiang Qingshi New Material Technology Co.,Ltd. သို့ ရောက်ရှိကြရာ ဥက္ကဋ္ဌ မစ္စတာ တုကော်ဖျင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမျိုးအစားကောင်းသည့် ဝါးပင်များအား သုတေသနပြုရွေးချယ်၍ ဓာတုဗေဒနည်းဖြင့် မဟုတ်ဘဲ ရူပဗေဒ နည်းပညာဖြင့် ဝါးချည်မျှင် အဆင့်ဆင့်ထုတ်လုပ်မှု၊ ဝါးချည်မျှင်အား အခြားသော ချည်မျှင်အမျိုးမျိုးနှင့် အချိုးကျရောစပ်၍ ချည်များ၊ အထည်အလိပ်များ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ထားရှိမှုတို့ကို လိုက်လံရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟန်ကျိုးမြို့ရှိ Zhejiang Leapmotor Technology Co., Ltd. ၌ မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုလေ့လာစဉ်။

အဆိုပါ ကျိုးကျန်းချင်းရှီနည်းပညာကုမ္ပဏီ (Zhejiang Qingshi New Material Technology Co., Ltd.)သည် တရုတ်နိုင်ငံ ကျိုးကျန်းပြည်နယ် ဟန်ကျိုးမြို့ရှိ ရှောင်ရှန်းခရိုင်တွင် အခြေစိုက်သော နည်းပညာအခြေပြု ပုဂ္ဂလိကလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ အဓိကထုတ်ကုန်များအနေဖြင့် အရည်အသွေးမြင့် ဝါးချည်မျှင်၊ ဝါးချည်မျှင် ရောစပ်ထားသော ချည်များ၊ အထည်အလိပ်များဖြစ်ပြီး ဝယ်ယူသူများ မှာယူလိုသည့် လိုအပ်ချက်များနှင့်အညီလည်း အထူးပြုလုပ်ထုတ်လုပ်ပေးလျက် ရှိကြောင်း၊ ထုတ်လုပ်မှု စွမ်းရည်အနေဖြင့် ၂၀၂၅ ခုနှစ်တွင် သဘာဝ ဘက်တီးရီးယား ပိုးသတ်နှုန်း ၉၉ ဒသမ ၂ ရာခိုင်နှုန်းရှိသည့် ဝါးချည်မျှင် စုစုပေါင်းတန် ၁၈၀၀၀ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ကုမ္ပဏီရုံးချုပ်သည် ဟန်ကျိုးမြို့တွင် တည်ရှိသော်လည်း ဝါးချည်မျှင်နှင့် အထည် ထုတ်လုပ်နေသည့် စက်ရုံသည် ဝါးများ များပြားစွာပေါက်ရောက်သည့် ဖူးကျန့်ပြည်နယ် နန်ပင်းမြို့၌ တည်ရှိကြောင်း သိရသည်။



ဟန်ကျိုးမြို့ရှိ Zhejiang Leapmotor Technology Co., Ltd. ၌ မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

ထို့နောက် ကုမ္ပဏီဥက္ကဋ္ဌက နိုင်ငံတော်သမ္မတ အတွက် ဝါးချည်မျှင်ဖြင့် အထူးပြုလုပ်ထားသော လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်ရာ နိုင်ငံတော်သမ္မတက လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကျိုးကျန်းချင်းရှီနည်းပညာကုမ္ပဏီ(Zhejiang Qingshi New MaterialTechnology Co.,Ltd.)၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ကုမ္ပဏီကပြုလုပ်ထားသည့် ဝါးချည်မျှင် ထုတ်လုပ်သည့်စက်ဖြင့် ဝါးချည်မျှင်များ ထုတ်လုပ်ထားရှိမှု၊ ဝါးချည်မျှင်နှင့် အခြားချည်မျှင်များ ရောနှောပေါင်းစပ်မှု၊ ချည်မျှင်ရရှိလာမှု အဆင့်ဆင့်ကို လိုက်လံကြည့်ရှု လေ့လာခဲ့ပြီး ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**Unitree Robotics Co., Ltd.**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် Unitree Robotics Co., Ltd.သို့သွားရောက်လေ့လာကြရာ ဥက္ကဋ္ဌဖြစ်သူ မစ္စတာ ဝမ်ရှင်းရှင်းနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ကုမ္ပဏီမှထုတ်လုပ်ထားသည့် စက်ရုပ်ကလည်း နိုင်ငံတော်သမ္မတအား မြန်မာဘာသာဖြင့် "မြန်မာ"ဟုရေးသား၍ကြိုဆိုသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စက်ရုံမှထုတ်လုပ်ထားသည့် စက်ရုပ်များ၊ စက်ရုပ်များ၏ အစိတ်အပိုင်းကိရိယာ တစ်ခုချင်းစီအလိုက် ထုတ်လုပ်ထားရှိမှုများကို လိုက်လံကြည့်ရှုလေ့လာရာ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၄ သို့ »»»





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟန်ကျိုးမြို့ရှိ Zhejiang Qingshi New MaterialTechnology Co., Ltd. ၌ ဝါးချည်မျှင်ထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုလေ့လာစဉ်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်

နေပြည်တော် ဇွန် ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေး ခရီးစဉ်(State Visit) သွားရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ဟန်ကျိုးမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ကျဲ့ကျန်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဝင်းမြင့်၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် ပြည်ထောင်စု ဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံသမ္မတနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း၊ တရုတ်နိုင်ငံ ဝန်ကြီးချုပ်နှင့် တရုတ် အမျိုးသားပြည်သူ့ ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့အပြင် ပြည်နယ် အကြီးအကဲများနှင့် တွေ့ဆုံခြင်း၊ စီးပွားရေးကွန်ဖရင့်သို့ တက်ရောက်ခြင်းနှင့် အဆင့်မြင့် နည်းပညာသုံး စက်မှုလုပ်ငန်းများသို့ သွားရောက်လေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာအောင်ဆောင်ရွက်နိုင်ခဲ့ကာ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ခိုင်မာအောင် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးရှိစေနိုင်မည့် ဆွေးနွေးချက်များကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား တရုတ် - မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များအလိုက်မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တိုင်းရင်းသားရိုးရာ အကအလှအဖွဲ့များက နေပြည်တော်လေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့သည် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယ သမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံး နှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများ က လေဆိပ်၌ ကြိုဆိုနှုတ်ဆက် ကြသည်။ စာမျက်နှာ ၅ သို့ ✶



»»» စာမျက်နှာ ၃ မှ

ယင်းနောက် Unitree Robotics Co., Ltd. မှ ထုတ်လုပ်ထားသည့် စွမ်းဆောင်ရည်မြင့် တိရစ္ဆာန်ပုံသဏ္ဌာန်စက်ရုပ် (quadruped robots)၊ လူသားပုံသဏ္ဌာန် စက်ရုပ် (humanoidrobots) နှင့် အသိဉာဏ်တုနည်းပညာသုံး မော်ဒယ် (AI model) များ အသုံးပြု၍ လူသားတစ်ဦး အသွင်ကဲ့သို့ လှုပ်ရှားသွားလာခြင်း၊ သဘာဝဘေးအန္တရာယ်များတွင် အသုံးပြုခြင်း၊ မြန်မာသံစဉ်၊ တရုတ်သံစဉ်တို့ဖြင့် နှစ်နိုင်ငံမှ ရိုးရာအကများကို ကျွမ်းကျင်ပိုင်နိုင်စွာသရုပ်ပြသခြင်း၊ လက်ဝှေ့ထိုး၍ သရုပ်ပြသခြင်း၊ စက်ရုံအလုပ်ရုံများ၊ နေအိမ်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၌ အသုံးပြုရာတွင် အသုံးပြုမှုသရုပ်ပြသခြင်းတို့ကို လုပ်ဆောင်ပြသရာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များက စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြပြီး နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟန်ကျိုးမြို့ရှိ Unitree Robotics Co., Ltd. မှ ထုတ်လုပ်ထားသည့် စွမ်းဆောင်ရည်မြင့် တိရစ္ဆာန်ပုံသဏ္ဌာန် စက်ရုပ်များကို ကြည့်ရှုလေ့လာစဉ်။

အဆိုပါ Unitree Robotics Co., Ltd. သည် ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့တွင် ရုံးချုပ်ရှိသော ကမ္ဘာကျော် ပုဂ္ဂလိကစက်ရုပ် ကုမ္ပဏီ တစ်ခုဖြစ်ကြောင်း၊ ကုမ္ပဏီကို ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စွမ်းဆောင်ရည်မြင့် တိရစ္ဆာန်ပုံသဏ္ဌာန် စက်ရုပ် (quadruped robots)၊ လူသားပုံသဏ္ဌာန်စက်ရုပ် (humanoid-robots) နှင့် အသိဉာဏ်တုနည်းပညာသုံး မော်ဒယ် (AI model) များအား သုတေသနပြုထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ ကုမ္ပဏီအနေဖြင့် နည်းပညာဆန်းသစ်တီထွင်မှုကို အထူးအလေးပေးထားကာ AI နည်းပညာများ၊ ရွေ့လျားမှုထိန်းချုပ်မှု အယ်လ်ဂိုရီသမ်များ အပါအဝင် အဓိကအစိတ်အပိုင်းအားလုံးကို ကိုယ်တိုင်ထုတ်လုပ်ခြင်းဖြစ်သည်။

ဆက်လက်၍ Unitree Robotics Co., Ltd. ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံသို့ အထူးပြုလုပ်ထားသည့် စက်ရုပ်တစ်ရုပ်အား ဂါရဝပြုပေးအပ်ရာ နိုင်ငံတော်သမ္မတက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပန်းမန်သစ်ပင်၊ လေသန့်စင်၍ ဥယျာဉ်တောတန်း၊ စိတ်ရွှင်လန်း၏။

## ၁၉ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များအလိုက်မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ် အကအလှအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ အက အလှအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်စဉ်

✶ စာမျက်နှာ ၄ မှ

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် နိုင်ငံတော် အကျိုးစီးပွားကို တစိုက်မတ်မတ်ဦးတည်ပြီး ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ခဲ့မှု၊ စီးပွားရေး၊အာကာသနည်းပညာနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ခဲ့ပြီး မြန်မာနိုင်ငံပြည်သူများ၏ အကျိုးစီးပွားတိုးတက်ရေး ဦးတည်ကြိုးပမ်းအားထုတ် ဆောင်ရွက်နိုင်ခဲ့မှုအတွက် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များအလိုက်မှ တာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူ သားငယ် သမီးငယ်လေးများ၊ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ တရုတ်အကအလှအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ အကအလှအဖွဲ့များ၊ အနုပညာရှင်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လေဆိပ်တွင် အသင့်စောင့်ကြို၍ လေဆိပ် လေယာဉ်အဆင်းမှ VIP ဆောင် အထိလည်းကောင်း၊ တပ်မတော် လေဆိပ်အဝင် လမ်းတစ်လျှောက်တွင်လည်းကောင်း “တရုတ် - မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်ပါစေ။ တရုတ် - မြန်မာ နှစ်နိုင်ငံအကြား ဘက်စုံ မဟာဗျူဟာ မြောက် ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍအလိုက် တိုးမြှင့်ဆောင်ရွက်နိုင်ပါစေ။ တရုတ် - မြန်မာ ချစ်ကြည်ရေးကို ခိုင်မြဲစေသော သမ္မတကြီးနှင့် အဖွဲ့ဝင်များအား လှိုက်လှဲစွာကြိုဆိုပါ၏။ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော သမ္မတကြီး ဦးမင်းအောင်လှိုင်အား လှိုက်လှဲစွာ ကြိုဆိုပါ၏။ တရုတ် - မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုအား ထောက်ခံပါသည်။ တရုတ် - မြန်မာ ချစ်ကြည်စွာ တွဲလက်မြဲပါစေ။ မြန်မာ - တရုတ် ပူးပေါင်းအား မုချအောင်မြင်ပါစေ။” ဟူသောစာတန်းများပါရှိသည့် ဗီနိုင်းများ ကိုင်ဆောင်၍ လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံအလံတို့ကို ကိုင်ဆောင်ဝှေ့ယမ်းကာ “တရုတ် - မြန်မာ ချစ်ကြည်ရေး (အဓွန့်ရှည်ပါစေ၊ အဓွန့်ရှည်ပါစေ)။ အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်သမ္မတကြီး ဦးမင်းအောင်လှိုင် (ကျန်းမာပါစေ၊ ကျန်းမာပါစေ)။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတကြီးဦးမင်းအောင်လှိုင် (ကျန်းမာပါစေ၊ ကျန်းမာပါစေ)။ တရုတ် -မြန်မာ ချစ်ကြည်ရေး (ခိုင်မြဲပါစေ၊ ခိုင်မြဲပါစေ)။ တရုတ်-မြန်မာချစ်ကြည်ရေး အဓွန့်ရှည်ပါစေ၊ အဓွန့်ရှည်ပါစေ။” ဟု ကြွေးကြော်လျက် လည်းကောင်း၊ လေဆိပ်မှ နေပြည်တော်သို့ ဝင်ရောက်ရာ လမ်းတစ်လျှောက် အဓိက နေရာများရှိ LED Board များ၌လည်း နိုင်ငံတော်သမ္မတ၏ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ခရီးစဉ် လှုပ်ရှားမှုပုံရိပ်များဖြင့် “ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါသည်” ဟူ၍ ရေးသားဖော်ပြ၍လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၊ တရုတ်အကအလှအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ အကအလှအဖွဲ့များက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် CCTV သတင်းရုပ်သံလိုင်း၏ တွေ့ဆုံမေးမြန်းမှုများအား လက်ခံဖြေကြား

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး ရောက်ရှိနေစဉ်အတွင်း CCTV သတင်းဌာန ထိပ်တန်းသတင်းတင်ဆက်သူ မစ္စကျိုးယွင်၏ တွေ့ဆုံမေးမြန်းမှုများကို ဇွန် ၁၇ ရက်က ကျောက်ယွီထိုင် နိုင်ငံတော်ဧည့်ဂေဟာ ဧည့်ခန်းမဆောင်၌ လက်ခံဖြေကြားခဲ့သည်။ ထိုသို့ CCTV သတင်းဌာန၏မေးမြန်းမှုအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်-

**တွေ့ဆုံမေးမြန်းသူ။ ။ မင်္ဂလာပါ သမ္မတကြီးရှင့်။ နိုင်ငံတော်သမ္မတအဖြစ် တရုတ်နိုင်ငံကို ပထမဆုံးလာရောက်တဲ့ အခုခရီးစဉ်မှာ ပြည်ထောင်စုဝန်ကြီးခြောက်ဦးနဲ့ အဆင့်မြင့်တပ်မတော်အရာရှိကြီးတွေ ပါဝင်တာကြောင့် အဆင့်အတန်း အင်မတန်မြင့်မားတာကို သတိပြုမိပါတယ်။ ဒီခရီးစဉ်မှာ ဘယ်လိုမဟာဗျူဟာမြောက် ရလဒ်ကောင်းတွေရရှိဖို့ အဓိကမျှော်မှန်းထားပါသလဲရှင့်။**

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်။ ။** မှန်ပါတယ်။ ကျွန်တော် ပြီး ၁၀ ရက်က ကျွန်တော် အစိုးရနိုင်ငံ့ခေါင်းဆောင်အနေနဲ့ တာဝန်ယူပြီးနောက်ပိုင်းမှာ အစိုးရသစ်အနေနဲ့ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးပိုမိုပြီး ကောင်းမွန်စေဖို့ ရည်ရွယ်ချက်နဲ့ သမ္မတရှီကျင့်ဖျင်ရဲ့ ဖိတ်ကြားချက်နဲ့ ကျွန်တော်လာခဲ့တာဖြစ်ပါတယ်။ အဓိကကတော့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘက်ပေါင်းစုံကနေ တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စ၊ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံကနေ လာရောက်ရင်းနှီးမြှုပ်နှံမှုကိစ္စတွေ၊ နှစ်ဖက်ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စတွေ၊ နယ်စပ်ဒေသလုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးတို့အတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေအတွက် ရည်ရွယ်ပြီး လာခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့က ဆွေမျိုးပေါက်ဖော်နိုင်ငံတွေ ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်အဆင့် တရားဝင်ခရီး ချစ်ကြည်ရေးခရီးစဉ် ပထမဦးဆုံးလာခဲ့ခြင်း ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်း အရှည်လျားဆုံး ထိစပ်နေတဲ့ အိမ်နီးချင်းဖြစ်ပြီး ယုံကြည်စိတ်ချရသောမိတ်ဆွေနဲ့ မိတ်ဖက်ဖြစ်ကြောင်း သမ္မတကြီးနဲ့ တွေ့ဆုံဆွေးနွေးမှုအတွင်း သမ္မတ ရှီကျင့်ဖျင်က အလေးထားပြောကြားခဲ့ပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးရဲ့ လက်ရှိအခန်းကဏ္ဍနဲ့ အနာဂတ်အရေးပါမှုကို သမ္မတကြီးအနေနဲ့ ဘယ်လိုသုံးသပ်ပါသလဲရှင့်။**

**နိုင်ငံတော်သမ္မတ။ ။** မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံက ရှည်လျားတဲ့ သမိုင်းကြောင်းဆက်ဆံရေးတွေ ရှိပါတယ်။ အခုမှ ကျွန်တော်တို့ဆက်ဆံတာမဟုတ်ပါဘူး၊ အိမ်နီးနားချင်းကောင်းနိုင်ငံတွေဖြစ်တယ်။ ကီလိုမီတာ ၂၀၀၀ ကျော်လောက် ရှည်လျားပါတယ်။ ခုနက အဆွေတော်ပြောသလို ဆွေမျိုးပေါက်ဖော်နိုင်ငံတွေ၊ အေးအတူပူအမျှ အသိုက်အဝန်း၊ အကျိုးတူခံစားကြမယ်ဆိုတဲ့ သဘောတူညီချက်တွေရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံရဲ့ ဆက်ဆံရေးက နယ်စပ်ထိတွေ့တဲ့ နိုင်ငံတင်မကဘူး၊ နှစ်နိုင်ငံမူလအခံရှိတဲ့ ချစ်ကြည်ရင်းနှီးမှုတွေကြောင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ဖို့လိုတယ်လို့ မြင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ ကျွန်မတို့ရဲ့ သမ္မတကြီး ရှီကျင့်ဖျင်ကလည်း ဆွေမျိုးပေါက်ဖော်ဆိုပြီး ပြောခဲ့ပါတယ်။ ပေါက်ဖော်ဆိုတာ တရုတ်ဘာသာစကားမှာတော့ 'ပေါင်ပိုး' လို့ ဖြစ်ပါတယ်။ ဒီတရုတ်စကားရဲ့ အဓိပ္ပာယ်ဟာ မြန်မာဘာသာစကားကနေ ဆင်းသက်လာပြီး 'ပေါက်ဖော်' ဆိုတဲ့စကားသည် ပေါင်ပိုး၊ ဆွေမျိုးပေါက်ဖော်ဆိုတဲ့စကားနဲ့တူပါတယ်။ ဒီအသုံးအနှုန်းနဲ့ ဒီအပေါ်မှာ သမ္မတကြီးအနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

**နိုင်ငံတော်သမ္မတ။ ။** စောစောက ဖြေတာနဲ့ ဆက်စပ်နေတယ်။ ကျွန်တော်တို့က ရှည်လျားတဲ့ သမိုင်းကြောင်းဆက်ဆံရေးရှိကြပါတယ်။ ဆွေမျိုးဆိုတာ သွေးသားတော်စပ်မှုကို ပြောတာပါ။ သွေးသားတော်စပ်မှုဖြစ်တယ်ဆိုတာ ယုံကြည်စိတ်ချရတဲ့ရင်းနှီးတဲ့ သဘောထားမျိုးကို ဖော်ပြတာပါ။ ဆွေမျိုး၊ မောင်နှမတွေဆိုတာ အထက်အောက်မောင်နှမရှိမယ်၊ အဖေအမေရှိမယ်၊ တူ၊ တူမတွေရှိမယ်၊ ဒါတွေအားလုံးက ဆွေမျိုးအသိုင်းအဝိုင်းပါပဲ။ ဒီလိုမျိုးပဲ၊ ခုနကပြောတဲ့ ပေါက်ဖော်ဆိုတဲ့ဟာမှာ ဆွေမျိုးပေါက်ဖော်၊ ဆွေမျိုးနဲ့ ပေါက်ဖော် ဒီလိုအသုံးအနှုန်းရှိပြီးတော့ တရုတ်နဲ့ မြန်မာက ဆွေမျိုးသားချင်းတော်စပ်တယ်ဆိုတဲ့ အမြင်မျိုးကို သုံးနှုန်းခဲ့တာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ သမ္မတကြီးအနေနဲ့ သမ္မတရှီကျင့်ဖျင်နဲ့ အကြိမ်ကြိမ်တွေ့ဆုံဖူးပါတယ်။ သမ္မတရှီကျင့်ဖျင်ဟာ ဘယ်လိုခေါင်းဆောင်မျိုး ဖြစ်တယ်လို့ သမ္မတကြီး ရှုမြင်ပါသလဲရှင့်။**

**နိုင်ငံတော်သမ္မတ။ ။** သမ္မတကြီး ရှီကျင့်ဖျင်က တိုင်းပြည်ကို တကယ်ကောင်းအောင်လုပ်တဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့အပြင် သူနဲ့ဆွေးနွေးတဲ့အချိန်မှာ သူ့ရဲ့ပြောဆိုချက်တွေက ကမ္ဘာကြီးကို အားလုံးသာတူညီမျှဖြစ်စေချင်တယ်၊ အားလုံးရင်းရင်းနှီးနှီးဖြစ်စေချင်တယ်၊ ခုနကပြောတဲ့ အေးအတူပူအမျှ အသိုက်အဝန်းမျိုးကို ကမ္ဘာကြီးအပေါ်မှာလည်း ထားချင်တဲ့စိတ်ရှိတယ်ဆိုတာ ကျွန်တော်သွားတွေ့တယ်။ ကျွန်တော့်ကို အမြဲတမ်း သူက ပြောပါတယ်။ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကျွန်တော်နဲ့တွေ့ဆုံတဲ့အကြိမ်တိုင်းနီးပါး သူအမြဲတမ်း ထည့်ထည့်ပြောတာကို သတိပြုမိပါတယ်။ ကျွန်တော်က အကြိမ်ပေါင်းများစွာ တရုတ်နိုင်ငံကို ရောက်ဖြစ်ခဲ့တာပါ။ ၂၀၀၇ ခုနှစ်မှာ ကျွန်တော် စရောက်ခဲ့တာပါ။ စရောက်ခဲ့ပြီးတော့ ၂၀၁၉ ခုနှစ်နောက်ပိုင်းမှာ ကျွန်တော် မရောက်တော့ဘဲ ပြီးခဲ့တဲ့ ၂၀၂၄ ခုနှစ်မှာ ပြန်ရောက်ပါတယ်။ ကျွန်တော် ပထမဆုံးလာတဲ့အချိန်တုန်းက သမ္မတကြီး ရှီကျင့်ဖျင်က ဒုတိယသမ္မတပါ။ နောက်ပိုင်းမှာ သူက သမ္မတဖြစ်ပြီး ကျွန်တော်တို့တွေ့ဆုံကြတာပါ။ အဲဒီမှာ တရုတ်နိုင်ငံရဲ့ပြောင်းလဲမှုတွေအများကြီး ကျွန်တော် သတိပြုမိတယ်။ ဒေသတိုင်းပါ၊ ဒေသတိုင်းမှာ ပြောင်းလဲမှုတွေရှိတယ်။ တရုတ်နိုင်ငံက အကျယ်အဝန်းအားဖြင့် အင်မတန်ကြီးမားပါတယ်။ လူဦးရေအားဖြင့်လည်း သန်း ၁၄၀၀ ကျော်လောက်ရှိတယ်၊ ကမ္ဘာ့ရဲ့ ငါးပုံတစ်ပုံတောင်ရှိတယ်။ ဒီဟာအားလုံးကို သာတူညီမျှတိုးတက်အောင် ဆောင်ရွက်နေတယ်ဆိုတာ တော်ရုံတန်ရုံ ခေါင်းဆောင်မှုနဲ့မရနိုင်ပါဘူး။ တော်တော်ခက်ပါတယ်။ တရုတ်နိုင်ငံခေါင်းဆောင်ရဲ့ ထက်မြက်မှုကို ကျွန်တော်တွေ့ပါတယ်၊ ဒီအတွက် ကျွန်တော် အင်မတန် သူ့ကိုသဘောကျပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ သမ္မတကြီးအနေနဲ့ တရုတ်နိုင်ငံကို လာရောက်ဖူးကြောင်း သိရှိရပါတယ်။ အဲဒီအတွေ့အကြုံတွေအရ တရုတ်ပုံစံ ခေတ်မီဆန်းသစ်ခြင်း (Chinese Modernization) ရဲ့ အနှစ်သာရနဲ့ လျှောက်လှမ်းရာလမ်းကြောင်းကို ဘယ်လိုနားလည်သဘောပေါက်ပါသလဲရှင့်။**

**နိုင်ငံတော်သမ္မတ။ ။** စောစောက အဖြေနဲ့ ဆက်စပ်ပါတယ်။ ခေတ်သစ်တရုတ်နိုင်ငံက တိုးတက်မှုရှိတာအမှန်ပါပဲ၊ ငြင်းလို့မရပါဘူး။ တိုးတက်မှုက အင်မတန်မြန်တယ်၊ တိုးတက်မှုနှုန်းကလည်း တအားမြန်တယ်။ နည်းပညာတစ်ခု ဆန်းသစ်ပြီး ထွက်လာပြီလို့ သတင်းထဲမှာ တွေ့ပါတယ်။ ဒါကိုလေ့လာကြည့်လိုက်ရင် နောက်တစ်ခု ထပ်ပြီးတော့ပြောင်းသွားပါတယ်၊ ဒီလိုမျိုး တရုတ်လူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုတွေကို တွေ့ရပါတယ်။ တရုတ်လူငယ်တွေက အားကြိုးမာန်တက်နဲ့ လှုပ်ရှားနေကြတာ၊ လုပ်ကိုင်နေကြတာ ကျွန်တော်တို့တွေ့ရပါတယ်။ လုပ်ချင်ကိုင်ချင်တဲ့စိတ်၊ ကြိုးစားချင်တဲ့စိတ်နဲ့ ဒီလိုလုပ်ကြတယ်။ ဒါကြောင့် နေရာတိုင်းမှာ တိုးတက်မှုတွေ တွေ့ရပါတယ်။ ခုနက ပြောတဲ့နေရာတွေသာမက ပြည်နယ်တော်တော်များများ ကျွန်တော်ရောက်ဖူးပါတယ်။ အားလုံးနီးပါး တိုးတက်မှုရှိတယ်ဆိုသလိုပဲ၊ နောက်တစ်ခုက တိုးတက်မှုကလည်း မျှတပါတယ်။ အလွန်ကွာဟတာ မဟုတ်ဘူး။ ပေကျင်းမှာရှိတဲ့အခြေအနေနဲ့ ရှန်ဟိုင်းမှာရှိတဲ့အခြေအနေ၊ ချုံချင့်မှာရှိတဲ့အခြေအနေနဲ့၊ ကွမ်ကျိုးမှာရှိတဲ့အခြေအနေတွေ အကုန်လုံးဟာ မကွာခြားလှပါဘူး။ သူ့ဟာနဲ့သူ တိုးတက်နေကြတာပါ။ မျှတမှုရှိတယ်ဆိုတာ ကျွန်တော်တွေ့ရတယ်၊ ခေတ်သစ်တရုတ်နိုင်ငံရဲ့ တိုးတက်မှုက ကျွန်တော်တို့ အတုယူဖို့ကောင်းတဲ့ နိုင်ငံတစ်ခုဖြစ်တယ်လို့ မြင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ ကျွန်မတို့ သိရှိရတာက သမ္မတကြီးအနေနဲ့ အခုတစ်ခေါက်ခရီးစဉ်မှာဆိုရင် ရှန်ဟိုင်းမှာ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံဖို့ရှိပါတယ်။ ပြီးခဲ့တဲ့နေ့မှာ အာကာသ နည်းပညာသိပ္ပံကော်ပိုရေးရှင်းကိုလည်း လေ့လာခဲ့ပါတယ်။ ပြီးတော့ ဟန်ကျိုးမှာလည်း Robot နဲ့ ပတ်သက်တဲ့ စက်ရုံကို လေ့လာမယ်လို့ သိရှိရပါတယ်။ သမ္မတကြီးအနေနဲ့ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုမှာ ဘယ်ကဏ္ဍတွေ မြှင့်တင်နိုင်မယ်လို့ ယူဆပါသလဲရှင့်။**

**နိုင်ငံတော်သမ္မတ။ ။** တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကတော့ ကဏ္ဍပေါင်းစုံမှာ ရှိတယ်။ စက်မှုလုပ်ငန်းတွေရှိမယ်၊ နည်းပညာနဲ့ပတ်သက်တာရှိမယ်၊ ယဉ်ကျေးမှုနဲ့ပတ်သက်တာရှိမယ်၊ ကျန်းမာရေးနဲ့ပတ်သက်တာရှိမယ်၊ အားကစားနဲ့ပတ်သက်တာရှိမယ် စသည်ဖြင့် နေရာပေါင်းစုံရှိပါတယ်။ တရုတ်နိုင်ငံက ဘက်ပေါင်းစုံတိုးတက်နေတဲ့နိုင်ငံဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံက ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မယ့်အလားအလာရှိပါတယ်။ အခုလာတဲ့ခရီးစဉ်မှာ ကျွန်တော် အများကြီးလေ့လာသလိုပဲ၊ ရှန်ဟိုင်းမှာ ကျွန်တော်တို့ ကုန်စည်ပြပွဲတစ်ခုလုပ်ဖို့ရှိတယ်။ မြန်မာနဲ့တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်တဲ့အနေနဲ့ ကုန်စည်ပြပွဲတစ်ခုလုပ်မှာပါ၊ အဲဒီမှာမြန်မာနိုင်ငံက ထွက်ကုန်တွေပြသလို၊ တရုတ်နိုင်ငံက ကုမ္ပဏီတွေကလည်းပြကြပါလိမ့်မယ်။ ကျွန်တော်ကိုယ်တိုင်လည်း တက်ရောက်မှာပါ။ အဲဒီအပေါ်မှာ ကြည့်ပြီးတော့ ဘယ်နယ်ပယ်တွေကစပြီး လုပ်ရင်ရမလဲဆိုတာ စဉ်းစားမှာဖြစ်ပါတယ်။ ဒါကြောင့် ကဏ္ဍပေါင်းစုံလုပ်လို့ရတဲ့ အခြေအနေရှိတယ်ဆိုတာ မြင်ပါတယ်။

ကျွန်တော် တစ်ခုပြောချင်တာလည်း ရှိပါတယ်။ တရုတ်နိုင်ငံက အေအိုင်နဲ့ပတ်သက်ရင် ထိပ်တန်းမှာရှိပါတယ်၊ အာကာသနဲ့ပတ်သက်ရင်လည်း တကယ်ကို ထိပ်တန်းပါ။ တစ်နေ့က ကျွန်တော်တို့ သွားကြည့်တဲ့အချိန်မှာ လပေါ်ကိုဆင်းနိုင်တာ အမေရိကန်ရယ်၊ ရုရှားရယ်၊ တရုတ်နိုင်ငံရယ် သုံးနိုင်ငံပဲ ရှိသေးတယ်။ တရုတ်နိုင်ငံက တတိယမြောက်ဖြစ်ပြီး အာကာသမှာ ထိပ်တန်းမှာရှိတဲ့ နိုင်ငံတစ်ခုဖြစ်တယ်၊ ကျွန်တော်တို့လည်း အာကာသနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး ဆွေးနွေးဆောင်ရွက်နေတာရှိတယ်။ မကြာခင်မှာလည်း ကျွန်တော်တို့ ဂြိုဟ်တုအငယ်တစ်လုံး လွှတ်ဖို့ရှိတယ်၊ တရုတ်နိုင်ငံနဲ့ပူးပေါင်းပြီး ဆောင်ရွက်မယ့် ဂြိုဟ်တုစီမံကိန်းတစ်ခုဖြစ်ပါတယ်။ အာကာသနယ်ပယ်၊ အေအိုင်နယ်ပယ်၊ အိုင်တီနဲ့ပတ်သက်တဲ့ နယ်ပယ်တွေရှိတယ်။ ဒါတွေနဲ့လည်း တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အခွင့်အလမ်းတွေရှိတယ်ဆိုတာ ကျွန်တော်တွေ့ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ လွန်ခဲ့တဲ့နှစ်က သမ္မတကြီး စီချွမ်းပြည်နယ်ကို သွားရောက်စဉ် တရုတ်အင်ဂျင်နီယာတွေထံက မြန်မာနိုင်ငံရဲ့ ပူပြင်းစိုစွတ်သောရာသီဥတုနဲ့ကိုက်ညီတဲ့ အဆောက်အအုံနည်းပညာ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနဲ့ လျှော့ချရေး၊ ဘေးအလွန် ပြန်လည်ထူထောင်ရေးအတွေ့အကြုံတွေကို အထူးတလည်မေးမြန်းလေ့လာခဲ့တာကို တွေ့ရှိရပါတယ်။ တရုတ်နိုင်ငံရဲ့ ဘယ်လိုအတွေ့အကြုံတွေဟာ မြန်မာနိုင်ငံအတွက် အသုံးချဖို့ အသင့်တော်ဆုံးဖြစ်မလဲရှင့်။**

**နိုင်ငံတော်သမ္မတ။ ။** တရုတ်နိုင်ငံရဲ့ အင်ဂျင်နီယာ အတတ်ပညာဟာလည်း မြင့်မားပါတယ်။ အထူးသဖြင့် စီချွမ်းပြည်နယ်ကတော့ ငလျင်ဒဏ်ခံရတဲ့ ပြည်နယ်တစ်ခုဖြစ်ပြီး ကျွန်တော် စီချွမ်းရောက်တဲ့အချိန်မှာ ငလျင်ဒဏ်ကြောင့် ပြုပြင်ထိန်းသိမ်းတဲ့ဟာတွေ တော်တော်ကိုကောင်းမွန်တာ တွေ့ရတယ်။ ကျွန်တော်တို့လည်း မနှစ်က ပြင်းထန်တဲ့ ငလျင်ဒဏ်ခံခဲ့ရတာရှိတယ်။ တော်တော်လေး ပြင်းထန်ပါတယ်။ တော်တော်လည်း အပျက်အစီးများပါတယ်။ အခုထိ ကျွန်တော်တို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်လို့မပြီးသေးပါဘူး၊ အရေးကြီးတဲ့ တံတားကြီးတွေ ပျက်သွားတာ၊ အဆောက်အအုံကြီးတွေ ပျက်တာတွေရှိပါတယ်။ ဒီဟာတွေနဲ့ပတ်သက်ပြီး ငလျင်ဒဏ်ခံနိုင်တဲ့ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး စီချွမ်းပြည်နယ်မှာ တွေ့ဆုံမေးမြန်းရတာဖြစ်ပါတယ်။ ကျွန်တော့်တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ မဖြစ်မနေလုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ရမယ့် အခွင့်အလမ်းတွေရှိတယ်ဆိုတာလည်း တွေ့ရပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ သမ္မတကြီးအနေနဲ့တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုမှာ ဘယ်ကဏ္ဍတွေ မြှင့်တင်နိုင်မယ်လို့ ယူဆပါသလဲရှင့်။**

**နိုင်ငံတော်သမ္မတ။ ။** နယ်ပယ်ကတော့ အများကြီး ရှိပါတယ်၊ ခုနက ကျွန်တော်ရှင်းပြခဲ့တဲ့အထဲမှာလည်း အများကြီးပါတယ်။ ဒီနယ်ပယ်တွေက ပူးပေါင်းဆောင်ရွက်လို့ရတဲ့ နယ်ပယ်တွေပါ၊ အင်ဂျင်နီယာနဲ့ပတ်သက်တဲ့လုပ်ငန်းရပ်တွေရှိပါတယ်။ အီလက်ထရောနစ်နဲ့ပတ်သက်တဲ့ နယ်ပယ်တွေရှိတယ်၊ နည်းပညာနဲ့ပတ်သက်တဲ့ နယ်ပယ်တွေရှိတယ်၊ နောက်အာကာသနဲ့ ပတ်သက်တဲ့နယ်ပယ်တွေရှိတယ်။ စိုက်ပျိုးရေးပေါ်မှာ အခြေခံတဲ့ကုန်ထုတ်လုပ်မှုတွေ၊ စက်မှုလုပ်ငန်းတွေ၊ Agro Based Industry တွေ စာမျက်နှာ ၇ သို့ ✧



✧ စာမျက်နှာ ၆ မှ

ဒါနဲ့ပတ်သက်ပြီး လုပ်လို့ရတာတွေရှိတယ်။ အများကြီးပါပဲ။ ကျွန်တော်လာတဲ့ရည်ရွယ်ချက်က ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် အခွင့်အလမ်းတွေ ဖော်ထုတ်ဖို့ပဲဖြစ်ပါတယ်။ ခုနက ကျွန်တော်ရှင်းပြတဲ့ အထဲမှာလည်း ပါပါတယ်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ နှစ်ဖက်ကုန်သွယ်မှုတွေ မြှင့်တင်နိုင်ဖို့ပါ။ ရင်းနှီးမြှုပ်နှံမှုဆိုတဲ့ အထဲမှာလည်း ခုနက နယ်ပယ်တွေ အကုန်လုံးပါပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ အွန်လိုင်းလိမ်လည်မှုကိစ္စတွေ လက်ရှိမှာ တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရှိပါတယ်။ လက်ရှိ အဲဒီနယ်ပယ်နဲ့ပတ်သက်ပြီးတော့ သံအမတ်ကြီးအနေနဲ့ ဘယ်လိုမြင်ပါသလဲရှင့်။**

**နိုင်ငံတော်သံအမတ်။** ။ အွန်လိုင်း လိမ်လည်မှုကတော့ ကမ္ဘာပေါ်မှာ ကြီးမားတဲ့စိန်ခေါ်မှုတစ်ခုပါ။ အထူးသဖြင့် လောင်းကစားမှုဝါသနာပါတဲ့သူတွေ၊ သူတို့က ဘယ်လိုပဲဖြစ်ဖြစ် တစ်နည်းမဟုတ်တစ်နည်းနဲ့ သားကောင်ရော၊ လုပ်တဲ့သူရော နှစ်ခုလုံးက ပတ်သက်နေကြတာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က အသိပညာပေးတွေ လုပ်ဖို့လိုတယ်၊ ဥပဒေအရတားဆီးမှုတွေ လိုတယ်၊ ဥပမာ-နယ်စပ်ဖြတ်ကျော်နဲ့ ပတ်သက်ပြီး ဥပဒေနဲ့အညီ နှစ်နိုင်ငံက ပူးပေါင်းဆောင်ရွက်ဖို့၊ တခြားနိုင်ငံတွေပါရင် တခြားနိုင်ငံတွေကလည်း ဥပဒေပြဋ္ဌာန်းပြီးတော့ သူတို့နိုင်ငံတွေမှာလည်း ပြည်သူတွေကို သိအောင်ပြောဖို့လည်း လိုတယ်၊ လူဆိုတာကတော့ လိုချင်တဲ့စိတ် အကုန်လုံးရှိကြတယ်။ လူတွေရဲ့စိတ်အပေါ်မှာလည်း အများကြီးတည်ပါတယ်။ အဲဒီစိတ်ကို ထိန်းနိုင်ဖို့လိုတယ်။ ဥပဒေက ထိထိရောက်ရောက်တားဆီးဖို့လည်းလိုပါတယ်၊ ထိရောက်တဲ့ ပြစ်ဒဏ်လည်း ပေးဖို့လိုတယ်၊ နိုင်ငံတွေအားလုံးကလည်း ပါဝင်ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ ဒီလိုမှသာ အွန်လိုင်းလိမ်လည်မှု ပပျောက်သွားမှာပါ။ ကမ္ဘာမှာ ကြီးမားစွာ ရင်ဆိုင်နေရတဲ့ပြဿနာတစ်ခုက ဒီတစ်ခုရှိတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါကြောင့် ဒါကို ပူးပေါင်းဆောင်ရွက်မှုနဲ့သာ ဖြေရှင်းလို့ရမယ်လို့ ပြောချင်တယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ မကြာသေးခင်က တရုတ်ရုပ်ရှင် ရက်သတ္တပတ်အခမ်းအနားမှာ ပြသခဲ့တဲ့ "Lighting Up the Stars" ရုပ်ရှင်က သံအမတ်ကြီးအပေါ် ဘယ်လိုခံစားချက် ချန်ထားခဲ့ပါသလဲရှင့်။**

**နိုင်ငံတော်သံအမတ်။** ။ ရုပ်ရှင်တွေကတော့ အများအားဖြင့် ဒရာမာတွေ၊ အက်ရှင်ကားတွေ များပါတယ်။ ဒီဒရာမာကားက တော်တော်ကိုကောင်းပါတယ်။ စိတ်ခံစားချက်လေးတွေကို ဖော်ပြပြီး လုပ်သွားတာပါ။ သတိပြုမိတာကတော့ တရုတ်နိုင်ငံ ရုပ်ရှင်အတတ်ပညာနဲ့ ပတ်သက်တာမှာ သရုပ်ဆောင်တဲ့လူတွေ ရှိတယ်၊ ရိုက်ကွင်းရိုက်ကွက်တွေ ရှိတယ်၊ အသုံးအဆောင်ပစ္စည်းတွေရှိတယ်၊ အသံတွေရှိတယ်။ အဲဒါကအစ တော်တော်ကောင်းတာ သတိပြုမိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ရုပ်ရှင်အားပေးတဲ့ပရိသတ်တွေ အများကြီးရှိတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တချို့အခမ်းအနားတွေ တက်ပါတယ်။ အနုပညာသည် ပြည်သူကို ပြောင်းလဲပေးနိုင်တဲ့ ပညာရပ်တစ်ခု ပါ။ ပြည်သူ့ရဲ့ခံစားချက်ကို ပြောင်းလဲပေးနိုင်တဲ့ပညာရပ်တစ်ခုပါ။ ဒါကြောင့် ကျွန်တော်ကလည်း ဒါကို အသိအမှတ်ပြုပါတယ်။ ဒါကြောင့် အခုဒီရုပ်ရှင်ပွဲ သွားကြည့်တဲ့အခါမှာ တရုတ်နိုင်ငံရဲ့ ရုပ်ရှင်အတတ်ပညာနဲ့ပတ်သက်တဲ့ သရုပ်ဆောင်တာရော၊ အသုံးအဆောင်ပစ္စည်းတွေရော တော်တော်လေးကို ကောင်းမွန်တာ တွေ့ရတယ်။ နောက်တစ်ခါ Editing တို့ ဘာတို့ပါ။ ဓာတ်ပုံနဲ့ပတ်သက်တာရှိတယ်၊ အယူအဆတွေ တော်တော်ကောင်းပါတယ်။ ဒါတောင်မှ ကျွန်တော်ကြည့်တဲ့ကားမို့လို့သာ ကျွန်တော်လည်း ပြောတာပါ။ ဒီထက်နာမည်ကြီးတဲ့ကားတွေလည်း အများကြီးရှိပါတယ်။ ကျွန်တော့်ကိုလည်း ဓာတ်ကားတွေ အများကြီးပေးထားတာရှိတယ်၊ အားတဲ့အချိန်တစ်ခါတလေ အတိုလေးတွေ ကျွန်တော်ကြည့်ပါတယ်။ ရုပ်ရှင်ကတော့ လူကို ပြောင်းလဲသွားစေနိုင်တယ်။ ကောင်းတာလည်းဖြစ်သွားနိုင်တယ်၊ ဆိုးတာလည်းဖြစ်သွားနိုင်တယ်။ ခံစားချက်ကို လုပ်ပေးလိုက်တာပါ။ ဒါကြောင့် ရုပ်ရှင်ကတော့ အင်မတန်အရေးကြီးတဲ့အခန်းကဏ္ဍမှာ ရှိပါတယ်။ မြန်မာနဲ့ တရုတ် ပူးပေါင်းပြီးတော့ ရုပ်ရှင်လောကမှာ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်လည်း ပြုပြင်ပြောင်းလဲမှုတစ်ခုအတွက် အထောက်အကူရမယ်လို့ ကျွန်တော်မြင်တယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ အဲဒီ မေတ္တာစမ်းရေဓာတ်လမ်းအပေါ်မှာ အသံပိုင်း၊ ရုပ်ရှင်ပိုင်းတို့ကို ကြည့်ရင် နှစ်နိုင်ငံနဲ့ဆက်စပ်တဲ့ပုံစံ၊ နှစ်နိုင်ငံနဲ့ဆက်စပ်တဲ့အခန်းကဏ္ဍအပေါ် ထင်မြင်မှုကို သိပါရစေရှင့်။**

**နိုင်ငံတော်သံအမတ်။** ။ သားသမီးနဲ့မိဘတို့ရဲ့ခံစားမှုတွေပါ။ အဖေကနေပြီးတော့ သားကို ဘယ်လိုဆုံးမသလဲ၊ သားကနေပြီးတော့ အိမ်မှာ ရောက်လာတဲ့ကလေးမလေးကို သူဘယ်လိုပြုမူဆက်ဆံသလဲ၊ ကလေးမလေးက သူ့အပေါ်မှာ ဘယ်လိုပြန်ပြီးတုံ့ပြန်သလဲ စတဲ့ မေတ္တာကို ဖော်ပြတာဖြစ်ပါတယ်။ ရိုက်ကွင်းရိုက်ကွက်တွေလည်း တော်တော်သဘာဝကျတာ တွေ့ရတယ်။ သရုပ်ဆောင်တာတင် မဟုတ်ဘူး၊ ရိုက်ကွင်းရိုက်ကွက်တွေကိုလည်း သဘာဝကျကျ ရိုက်ထားတာပါ။ ရုပ်ရှင်ပညာနဲ့လုပ်ထားတာတွေ ပါကောင်းပါနိုင်ပါတယ်။ သို့သော် လုံးဝမရိုပ်မိအောင် လုပ်ထားတာ ကျွန်တော်တို့ တွေ့ရတယ်။ ဒါလည်း အတတ်ပညာတစ်ခုပါပဲ။

**တွေ့ဆုံမေးမြန်းသူ။ ။ ဓာတ်လမ်းအပေါ်ရဲ့ ခံစားမှုကို ကျွန်မသိရှိရပါပြီရှင့်။ ထပ်ပြီးမေးမြန်းချင်တာကတော့ ဒီနှစ်ဟာဆိုရင် လန်ချန်း-မဲခေါင်စီမံကိန်းရဲ့ ၁၀ နှစ်ပြည့်ဖြစ်ပါတယ်။ လန်ချန်း-မဲခေါင်စီမံကိန်းကတစ်ဆင့် မြန်မာနိုင်ငံပြည်သူတွေရဲ့ လူမှုဘဝဖွံ့ဖြိုးရေးအပေါ် ဆောင်ရွက်ပေးနိုင်မှု သုံးသပ်ချက်ကို သိပါရစေရှင့်။**

**နိုင်ငံတော်သံအမတ်။** ။ လန်ချန်း-မဲခေါင် စီမံကိန်းဟာ မြန်မာနိုင်ငံလည်း ဒီအထဲမှာ အကျိုးခံစားရတာဖြစ်ပါတယ်။ သူက နယ်ပယ်စုံပါပါတယ်။ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတို့၊ လုပ်ငန်းနယ်ပယ်လေးတွေ သူက လုပ်ပေးသွားတာပါ။ အခြေခံလူတန်းစားပါ။ ဥပမာအားဖြင့် မြန်မာတိုင်းရင်းသားတွေရဲ့၊ ဒါမှမဟုတ် အခြေခံလူတန်းစားတွေရဲ့ လူမှုစီးပွားဘဝမြှင့်တင်နိုင်ဖို့အတွက် လုပ်ပေးတာပါပဲ။ နောက်တစ်ခုက အစိုးရဌာနတွေပါ။ လုပ်ငန်းတွေ၊ ဌာနတွေရဲ့ Capacity စွမ်းဆောင်ရည် မြှင့်တင်ရေးတွေ သူတို့လုပ်ပေးတာ ဒါတွေကို ကျွန်တော်တွေ့ရပါတယ်။ အထောက်အကူရပါတယ်။ လန်ချန်း-မဲခေါင်စီမံကိန်းက မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ အဓိကကတော့ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအပေါ်မှာလည်း အထောက်အကူရတာ ကျွန်တော်တွေ့ရပါတယ်။ အကျိုးရှိတဲ့ စီမံကိန်းတစ်ခုလို့ ကျွန်တော်မြင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ အဓိက BRI စီမံကိန်းမှာ လက်ရှိမှာဆိုရင် တရုတ်-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုက ပိုမိုနက်ရှိုင်းလာပါတယ်။ BRI ဟာ မြန်မာနိုင်ငံအတွက် ဖြစ်ပေါ်စေတဲ့ အကျိုးစီးပွားနဲ့ အဓိပ္ပာယ်ဖော်ဆောင်နေမှုအပေါ် သိပါရစေရှင့်။**

**နိုင်ငံတော်သံအမတ်။** ။ BRI ကတော့ သူ့လမ်းကြောင်းပေါ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံကလည်း အစိတ်အပိုင်းတစ်ခုအနေနဲ့ပါလာတာပါ။ ရည်ရွယ်ချက်ကိုက ကမ္ဘာကြီးကို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တရုတ်နိုင်ငံက ဆောင်ရွက်တဲ့ အစီအမံတစ်ခုပါပဲ။ အဲဒီအထဲမှာ မြန်မာနိုင်ငံကလည်း ပါလာတယ်။ တောင်ဘက်ဆင်းသွားတဲ့ လမ်းကြောင်းတစ်ခုရှိတယ်။ မြန်မာနိုင်ငံကိုဖြတ်ပြီး လမ်းကြောင်းငယ်တစ်ခု ထပ်ပြီးတော့မှ အဲဒီကနေ တရုတ်-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စင်္ကြံလမ်းတစ်ခု ရှိပါသေးတယ်။ အဲဒီအောက်မှာ ကျွန်တော်တို့ သွားတာပါ။ ဒါတွေက မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရော၊ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွေ တိုးတက်ရေးအတွက်ရော အများကြီး အထောက်အကူရပါတယ်။ လက်ရှိလည်း တချို့စီမံကိန်းလေးတွေ လုပ်နေတာ တွေရှိပါတယ်။ မပြီးသေးပါဘူး။ သို့သော် ဒါတွေကလည်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ အဲဒီကနေတစ်ဆင့် ကမ္ဘာကြီးနဲ့ချိတ်ဆက်တဲ့၊ အနောက်ဘက်ခြမ်းကို ချိတ်ဆက်ဖို့ သွားနိုင်တဲ့လမ်းကြောင်းတွေ ကျွန်တော်တို့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒါကတော့ ကောင်းတဲ့စီမံကိန်းတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီစီမံကိန်းကို အပြည့်အဝပူးပေါင်းဆောင်ရွက်ဖို့ ကျွန်တော်တို့ဆောင်ရွက်နေတယ်ဆိုတာကိုလည်း ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ လက်ရှိ ကမ္ဘာ့အခြေအနေကတော့ စိန်ခေါ်မှုတွေ များပါတယ်။ လက်ရှိအခြေအနေမှာဆိုရင် ကျွန်မတို့သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်က အဆိုပြုထားတဲ့ ကမ္ဘာလုံးဆိုင်ရာ အဆိုပြုချက်လေးခုရှိပါတယ်။ ဒီအဆိုပြုချက် လေးခုဟာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် သက်ရောက်နိုင်မယ့်အခြေအနေကို သံအမတ်ကြီးအနေနဲ့ ထင်မြင်ချက် သိပါရစေရှင့်။**

**နိုင်ငံတော်သံအမတ်။** ။ ကျယ်ပြန့်တဲ့ နယ်ပယ်လေးခုမှာ လုပ်ထားတဲ့ သမ္မတကြီး ရှီကျင့်ဖျင်ရဲ့ ကမ္ဘာကြီးနဲ့ပတ်သက်တဲ့ အစီအမံလေးချက်ရှိပါတယ်။ ဒါကောင်းတဲ့အရာပါပဲ။ အားလုံးလက်ခံနိုင်တဲ့ဟာပါ။ နိုင်ငံတွေရဲ့အကျိုးစီးပွားလည်း ဘာမှထိခိုက်စရာအကြောင်းမရှိပါဘူး။ တိုးတက်မှုကိုပဲ၊ ကောင်းမွန်တဲ့ရလဒ်တွေပဲ ရဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ကောင်းတဲ့စီမံကိန်းတစ်ခုလို့ မြင်ပြီးတော့ ဒါကိုထောက်ခံတဲ့အကြောင်း ကျွန်တော်ပြောခဲ့ပြီး မြန်မာနိုင်ငံကလည်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်သွားမယ်လို့ ဖြေခဲ့တာရှိပါတယ်။ တကယ်လည်း ဒီနယ်ပယ် လေးခုလုံးကတော့ ကောင်းတဲ့ရည်ရွယ်ချက်နဲ့ လုပ်တဲ့ဟာတွေ ဖြစ်ပါတယ်ဆိုတာ ဘယ်လိုမှ ငြင်းလို့မရဘူးလို့ ကျွန်တော်ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ သံအမတ်ကြီးရှင့် နောက်ဆုံးမေးခွန်းအနေနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး မေးမြန်းချင်ပါတယ်။ လက်ရှိအစိုးရသစ် တက်လာပြီးနောက်ပိုင်း မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်လိုစီမံဆောင်ရွက်သွားမယ့် အခြေအနေကို သိရှိလိုပါတယ်။**

**နိုင်ငံတော်သံအမတ်။** ။ ကျွန်တော်တို့ အစိုးရတစ်ရပ်အနေနဲ့ ကတော့ တိုင်းပြည်တိုးတက်အောင်လုပ်ဖို့ တာဝန်ရှိပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ တိုင်းသူပြည်သားတွေ လူမှုစီးပွားဘဝတိုးတက်ဖို့ အဓိကရည်ရွယ်ပါတယ်။ လူမှုစီးပွားတိုးတက်ရမယ်။ ကျွန်တော်တို့က တိုးတက်မှုတွေလည်း နည်းနည်းနှေးကွေးနေတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကို ပိုပြီးတော့ အရှိန်မြှင့်အောင်လုပ်ဖို့အတွက် ကျွန်တော်တို့ဆုံးဖြတ်ထားတယ်။ ပြီးရင် နိုင်ငံတကာ ဆက်ဆံရေးတွေကောင်းအောင်၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ဆက်ဆံရေးတွေ ကောင်းအောင်လုပ်ဖို့၊ နိုင်ငံတကာဆက်ဆံရေး ကောင်းအောင်လုပ်ဖို့နဲ့ တိုင်းပြည်လည်း တိုးတက်အောင်လုပ်မယ်။ ဒါကတော့ ကျွန်တော်တို့အစိုးရရဲ့ ရည်မှန်းချက်တာဝန်ပါပဲ။

**တွေ့ဆုံမေးမြန်းသူ။ ။ သံအမတ်ကြီးအနေနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိငြိမ်းချမ်းရေးအခြေအနေကို ဘယ်လိုမြင်ပါသလဲ။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ထာဝရတည်ငြိမ်အေးချမ်းဖို့ ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်ကို သိပါရစေရှင့်။**

**နိုင်ငံတော်သံအမတ်။** ။ နိုင်ငံငြိမ်းချမ်းရေးကတော့ သဘောထား ကွဲလွဲမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့အပေါ်မှာ အခြေခံတာပါ။ သဘောထားကွဲလွဲမှုတွေကို သဘောထားမကွဲလွဲအောင်လုပ်ဖို့က ကျွန်တော်တို့ လုပ်ရမှာပါ။ ဘယ်လိုသဘောထားကွဲလွဲတာလဲ။ နိုင်ငံရေးအရ သဘောထားကွဲလွဲတာလား၊ အုပ်ချုပ်ရေးအရ သဘောထားကွဲလွဲတာလား၊ ဒါမှမဟုတ် ယဉ်ကျေးမှုအရ သဘောထားကွဲလွဲတာလား၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲတာလား၊ ဒါတွေကို သဘောထားကွဲလွဲမှုတွေ မရှိအောင် ရအောင်အကောင်အထည်ဖော်ရမှာပါ။ ဒါကို တရားဥပဒေနဲ့အညီ သွားရမှာပါ။ ကျွန်တော်တို့က ငြိမ်းချမ်းတဲ့ခေတ် ဒီမိုကရေစီခေတ် ရောက်နေတယ်ဆိုတဲ့အတွက်ကြောင့် အားလုံးက ညှိနှိုင်းဆွေးနွေးပြီးတော့သွားမှာပါ။ သို့သော်လည်းပဲ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ ပြဋ္ဌာန်းထားတဲ့ဥပဒေတွေရှိပါတယ်။ ဥပဒေတွေနဲ့အညီပဲ ကျွန်တော်တို့က သွားရမှာပါ။ ဘယ်နိုင်ငံကမှ ဥပဒေကို ကျော်လွှန်ပြီးတော့ လုပ်လို့မရပါဘူး။ No one above the law ဆိုပြီးတော့ ရှိပါတယ်။ ဥပဒေအထက်မှာ ဘယ်သူမှသွားလုပ်လို့မရဘူး။ ဥပဒေဘောင်အတွင်းမှာ လိုအပ်ရင်လည်း ပြင်ဆင်မှုတွေ ကျွန်တော်တို့ လုပ်ရမှာပါ။ မြန်မာနိုင်ငံမှာ ဒီလိုမျိုး လုပ်သင့်လုပ်ထိုက်တဲ့ဟာတွေကို လုပ်ဖို့ရည်ရွယ်ထားပါတယ်။ ဒါဆိုရင်တော့ မြန်မာနိုင်ငံငြိမ်းချမ်းရေးကလည်း မလွဲမသွေ ရမယ်လို့ ယုံကြည်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ အဲဒီလိုသဘောထားကွဲလွဲမှုတွေကို သဘောတူညီမှုရရှိဖို့အတွက် ဘယ်ကဏ္ဍတွေကို ဆောင်ရွက်သင့်ပါသလဲ။**

**နိုင်ငံတော်သံအမတ်။** ။ လူတွေရဲ့ဆန္ဒမှာ ဖြစ်ချင်တာကို ပြောမယ့်အစား ဖြစ်နိုင်တာကို၊ ဖြစ်သင့်တာကို ပြောမယ်ဆိုရင်တော့ သဘောထားကွဲလွဲမှုတွေ အများကြီးလျော့ကျသွားလိမ့်မယ်။ လူတွေကဖြစ်ချင်တဲ့ဆန္ဒတွေ အများကြီးရှိတယ်။ ဒါပေမယ့် ဖြစ်ချင်တာတွေက မဖြစ်နိုင်ဘူး။ ဖြစ်သင့်တာနဲ့ ဖြစ်နိုင်တာပဲ လုပ်လို့ရမယ်။ ဒါကြောင့် သဘောထားကွဲလွဲမှုတွေမှာလည်း ဖြစ်ချင်တာကို ပြောနေမယ့်အစား ဖြစ်နိုင်တာနဲ့ ဖြစ်သင့်တာကို ဆောင်ရွက်သွားမယ်ဆိုရင် ခက်ခက်ခဲခဲလုပ်စရာ မလိုဘူးလို့ ကျွန်တော်မြင်တယ်။ ဒီလိုမျိုးစိတ်တော့ ရှိဖို့လိုတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ လက်ရှိမှာ တရုတ်-မြန်မာ နှစ်နိုင်ငံဟာ ငြိမ်းချမ်းစွာအတူယှဉ်တွဲရေးမူဝါဒနဲ့အတူ ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဒီငြိမ်းချမ်းစွာအတူယှဉ်တွဲရေးမူဝါဒနဲ့အညီ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံအစိုးရသစ်နဲ့ လက်ရှိဆက်ဆံမှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအပေါ်မှာ သံအမတ်ကြီးအနေနဲ့ ထင်မြင်ချက်ကို သိပါရစေရှင့်။**

**နိုင်ငံတော်သံအမတ်။** ။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲရေးမူငါးရပ်ကတော့ကမ္ဘာမှာ စံထားရတဲ့မူတစ်ခုဖြစ်ပါတယ်။ မနေ့က သမ္မတကြီး ရှီကျင့်ဖျင်နဲ့လည်း ဒါကို ပြောပြပါတယ်။ ကမ္ဘာမှာ စံထားရမယ့်ကိစ္စ အားလုံးကလက်ခံတယ်။ ဒါကြောင့် ကျွန်တော်တို့ နှစ်နိုင်ငံကလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲရေးမူကြီး ငါးရပ်အပေါ်မှာ ယှဉ်တွဲပြီး လုပ်ရမယ်ဆိုရင် ဆွေမျိုးပေါက်ဖော်နိုင်ငံ၊ အေးအတူပူအမျှ အသိုက်အဝန်းအကျိုးခံစားတဲ့နိုင်ငံဆိုတာ ထာဝရတည်မြဲခိုင်ခံ့မှာ။ ကျွန်တော်တို့တွေပဲ အဆင်ပြေနေလို့မရဘူး၊ သားစဉ်မြေးဆက် နှစ်ပေါင်းများစွာ အထိ ချစ်ခင်ရင်းနှီးမှု၊ ယုံကြည်မှု၊ ယုံကြည်စိတ်ချရတဲ့ နှစ်နိုင်ငံအဖြစ် ရှိနေရမှာဖြစ်ပါတယ်။ ဒီလို ကျွန်တော်တို့သွားရမှာဖြစ်ပါတယ်။ နှစ်နိုင်ငံတည်းမဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးနိုင်ငံတွေအားလုံး လက်ခံကျင့်သုံးရမယ့် စနစ်တစ်ခုလို့ ကျွန်တော်ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ တရုတ်တစ်နိုင်ငံတည်းမူဝါဒဆိုတာ တရုတ်နိုင်ငံရဲ့ခိုင်မာတဲ့ သန္နိဋ္ဌာန် ဖြစ်ပါတယ်။ ဒီအပေါ်မှာ သံအမတ်ကြီးအနေနဲ့ ဘယ်လိုသုံးသပ်ပါသလဲရှင့်။**

**နိုင်ငံတော်သံအမတ်။** ။ တရုတ် တစ်နိုင်ငံတည်းမူဝါဒကို ကျွန်တော်တို့က ထောက်ခံတယ်ဆိုတာ ဟိုးအရင်ကတည်းက ထောက်ခံခဲ့တာပါ။ နိုင်ငံဆိုတာ တစ်နိုင်ငံတည်းရှိပါတယ်။ ကွဲပြားခြားနားတယ်ဆိုတာ မရှိပါဘူး။ တစ်နိုင်ငံတည်း မူဝါဒပဲရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒါကို အပြည့်အဝထောက်ခံတယ်။ လက်ရှိလည်း ဒီအတိုင်းပဲ ကျွန်တော်ရပ်တည်မယ်။ နောင်လည်း ဒီအတိုင်းပဲ ရပ်တည်သွားမှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ သံအမတ်ကြီး အနေနဲ့ ဖြည့်စွက်ပြောကြားလိုတာများ ရှိပါသလားရှင့်။**

**နိုင်ငံတော်သံအမတ်။** ။ ပြည့်စုံပါတယ်။ ကျွန်တော်တို့ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ကတော့ တော်တော်နက်ရှိုင်းပါတယ်။ ကျယ်လည်းကျယ်ဝန်းပါတယ်။ ဒါကို ကျွန်တော်တို့က ခိုင်ခိုင်မာမာဖြစ်အောင် ဆက်လုပ်သွားဖို့ပဲ လိုပါတယ်။ လက်ရှိကာလမှာပဲ ပြေလည်ဖို့ မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာ ခိုင်မာအောင် ဆောင်ရွက်သွားဖို့ လိုပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှု၊ ချစ်ခင်မှုရှိဖို့လိုပါတယ်။ ကွဲကွဲပြားပြားဖြစ်နေလို့မရပါဘူး။ ဒေသတွင်းမှာ အားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ရှိတာကတော့အကောင်းဆုံးဖြစ်ပါတယ်။ အိမ်နီးနားချင်းကောင်း နိုင်ငံအနေနဲ့ ကျွန်တော်တို့ ဆက်လက်ရပ်တည်ပြီး ဆောင်ရွက်သွားမယ်ဆိုတာ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ။ ။ မေးမြန်းမှုများကိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**နိုင်ငံတော်သံအမတ်။** ။ ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်။

# အေးအတူ ပူအမျှ အသိုက်အဝန်း၏ တောက်ပသည့်အနာဂတ်သို့ ဦးတည်

သိဃ်သူ




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "Myanmar–China Investment and Trade Networking Summit" (MCITP – 2026) Shanghai ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

- ❑ အချိန်အခါနှင့် ခေတ်စနစ်များ မည်ကဲ့သို့ပင် ပြောင်းလဲသည်ဖြစ်စေ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် ပိုမိုတိုးတက်လျက်ရှိ၊ နှစ်နိုင်ငံပြည်သူများ၏ နှလုံးသားချင်းနီးစပ်မှုသာ ကျန်သည့်ကဏ္ဍများတွင်လည်း ပိုမိုနက်ရှိုင်းသည့် ယုံကြည်မှုများကို တည်ဆောက်နိုင်မည်ဖြစ်သဖြင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်လုပ်ဆောင်သွားရမည်ဖြစ်
- ❑ နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နည်းပညာ၊ အထည်အလိပ်၊ စိုက်ပျိုးရေးနှင့် လက်ဖက်၊ စွမ်းအင် စသည့် ကဏ္ဍအသီးသီးတို့တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့်ကိစ္စများ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး


*(ယမန်နေ့မှ အဆက်)*

"Myanmar–China Investment and Trade Networking Summit" (MCITP–2026) Shanghai ဖွင့်ပွဲအခမ်းအနားကို ဇွန် ၈ ရက် နံနက်ပိုင်းတွင် ရှန်ဟိုင်းမြို့ လင်းကန်အထူးဧရိယာရှိ Radisson Collection Lingang Shanghai ဟိုတယ်တွင် ကျင်းပသည်။ အခမ်းအနား၏ ရည်ရွယ်ချက်မှာ ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ၅ နှစ်တာကာလအတွင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အကောင်းမွန်ဆုံးတိုးတက်မြင့်မားလာစေရန်နှင့် မြန်မာနိုင်ငံမှ ထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ဖြစ်သည်။

အခမ်းအနားကျင်းပမည့်နေရာသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ရောက်ရှိလာရာတွင် ဟိုတယ်မှတာဝန်ရှိသူများက ပန်းစည်းများကမ်းကြသည်။ တရုတ်ရိုးရာ ခြင်္သေ့အက၊ နဂါးအကများ၊ မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP) မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံ၏ စီးပွားရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်ကြီးများ၊ မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များက ကော်ဇောနီတစ်ဖက်တစ်ချက်စီမှနေ၍ နှစ်နိုင်ငံအလံများကို ဝှေ့ယမ်းကာ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်သမ္မတက အခမ်းအနားကို ဒီဂျစ်တယ်စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအထိမ်းအမှတ် စပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

"Myanmar– China Investment and Trade Networking Summit" (MCITP – 2026) Shanghai တွင် မြန်မာ- တရုတ် ကုမ္ပဏီများမှ ပြခန်းပေါင်း ၃၅ ခန်းကို ကဏ္ဍစုံလင်စွာ ခင်းကျင်းပြသထားရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြခန်းများကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။ မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ ပိုမိုတိုးတက်မြင့်မားလာစေရန် ရည်ရွယ်ကျင်းပသည့် အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာ- တရုတ်စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် စုစုပေါင်းလူဦးရေ ၆၀၀ ခန့် တက်ရောက်ကြသည်။

Dishui Lake Ballroom ၌ နိုင်ငံတော်သမ္မတက မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ပထဝီစီးပွားရေးအခင်းအကျင်းများနှင့် အခွင့်အလမ်းများ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် ကဏ္ဍများ၊ မြန်မာနိုင်ငံ၏ လိုအပ်ချက်များ၊ ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ထားမှုများနှင့် အကာအကွယ်ပေးထားမှုများ စသည်တို့ကို စီးပွားရေးလုပ်ငန်းရှင်များ သိရှိရန် လိုအပ်သမျှထောင့်စေ့အောင် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "Myanmar– China Investment and Trade Networking Summit" (MCITP – 2026) Shanghai အတွင်း မြန်မာ-တရုတ်ကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာစဉ်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမကြီး (Belt and Road Initiative.BRI) စီမံကိန်းနှင့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ (CMEC) တွင် မဟာဗျူဟာမြောက်ဝင်ပေါက် (Strategic Gateway)၊ အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့်နေရာတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ သဘာဝတည်နေရာအရ ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံကြီးနှစ်နိုင်ငံဖြစ်သည့် အိန္ဒိယ၊ တရုတ်နှင့် လူဦးရေများပြားသည့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ကြီးမားသည့် ဈေးကွက်နှင့် လျင်မြန်စွာ တိုးတက်နေသည့် အာဆီယံဒေသတွင်း၏ အချက်အချာကျသည့် နေရာတွင်ရှိနေသည်။ စိုက်ပျိုးရေးလုပ်ငန်းများ ကောင်းစွာလုပ်ကိုင်နိုင်သည့် ရေ၊ မြေ၊ ရာသီဥတုနှင့် ပြည့်စုံပြီး အရှေ့တောင်အာရှတွင် လယ်ယာမြေ အများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံတွင် စိုက်ပျိုးမြေ၏ ၂၀ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးလုပ်ကိုင်နေခြင်းဖြစ်သလို အထွက်နှုန်းမြင့်မားရန်လည်း လိုအပ်လျက်ရှိသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးတွင် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်သည်။

တစ်ဖန် မြန်မာနိုင်ငံတွင် လိုအပ်နေသည့် ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို လာရောက်ရင်းနှီးမြှုပ်နှံနိုင်သည်။

တရုတ်နိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် မြန်မာနိုင်ငံသည် ကုန်းလမ်းနှင့် ရေလမ်းနှစ်မျိုးလုံး အသုံးပြုနိုင်သည့် ဘင်္ဂလားဒေ့ရှ်- တရုတ်- အိန္ဒိယ- မြန်မာ (BCIM) စီးပွားရေးစင်္ကြံနှင့် တရုတ်- အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံတို့တွင် ပါဝင်ပတ်သက်လျက်ရှိသည်။ အဆိုပါစီမံကိန်းအောက်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံကို အကျိုးစီးပွား များစွာဖြစ်ထွန်းစေနိုင်မည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China-Myanmar Economic Corridor- CMEC) ကို ဆောင်ရွက်လျက်ရှိရာ CMEC ၏ အဓိကအစိတ်အပိုင်းဖြစ်သည့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါ စီးပွားရေးစင်္ကြံများ တစ်လျှောက် အထူးစီးပွားရေးဇုန်များ (SEZs)၊ စက်မှုဇုန်များနှင့် ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံ (Logistics Hubs) များတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ ရှိနေသည်။

ရေနံသန့်စင်ထုတ်လုပ်ခြင်းနှင့် ရေနံထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ခြင်းနှင့် လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်သုံးအများပြည်သူသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ (Electric Public Transportation Services)၊ လျှပ်စစ်တက္ကစီနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ (Electric Taxi & Cargo Logistics Services)၊ ပညာရေး၊ကျန်းမာရေး၊ နည်းပညာနှင့် ဒီဂျစ်တယ် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဓာတ်မြေသြဇာထုတ်လုပ်ခြင်း၊ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးမွေးမြူရေး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ အဆင့်မြင့် ရော်ဘာနှင့် ရော်ဘာအခြေခံတာယာနှင့် ပရိဘောဂပစ္စည်းများထုတ်လုပ်ခြင်း စသည်ဖြင့် ကဏ္ဍပေါင်းစုံတွင် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံကြရန် နိုင်ငံတော်သမ္မတက ရှင်းပြဖိတ်ခေါ်သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်မှုတို့တွင် လုပ်ရကိုင်ရ ခက်ခဲကြန့်ကြာမှုများ၊ လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးနေမှုများ ကင်းရှင်းနိုင်သမျှကင်းရှင်းပြီး လွယ်ကူမြန်ဆန်သည့် ဝန်းကျင်ကောင်းများလိုအပ်သည်။ "မိမိတို့ရွေးကောက်ခံ အစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရေးအတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အလေးထားဆောင်ရွက်နေပါကြောင်း၊ အထူးသဖြင့် စည်းမျဉ်းလုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်ပြီး လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင် ဒီဂျစ်တယ်စနစ် (Digital Transformation) သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာ မြန်မာဒီဂျစ်တယ် လမ်းပြမြေပုံ ၂၀၃၀ ကို ရေးဆွဲဖော်ဆောင်လျက်ရှိကြောင်း" တို့ကို နိုင်ငံတော်သမ္မတက တရုတ်စီးပွားရေးလုပ်ငန်းရှင်များအား ရှင်းပြသည်။

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

ဆက်လက်၍ စီးပွားရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ချိတ်ဆက်လုပ်ကိုင်နိုင်ရေးသည် လုပ်ငန်းရှင်များအတွက် အရေးကြီးသည်ကို ကောင်းစွာသိရှိပါကြောင်းဟူ၍ အစချီကာ နယ်စပ်ကုန်သွယ်ရေးစခန်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့် ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံ လယ်ယာထွက်ကုန်များ ပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက် နှစ်နိုင်ငံအကြား SPS Protocol များ လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ယွမ်ငွေကို မြန်မာနိုင်ငံအတွင်း လိုင်စင်ရဘဏ်များနှင့် ငွေလဲကောင်တာများတွင် တရားဝင် ရောင်းဝယ်ခွင့်ပြုခဲ့ပြီး မြန်မာ-တရုတ် နယ်စပ်ဒေသတွင် ကျပ်နှင့်ယွမ်ကို တရားဝင် တိုက်ရိုက်အသုံးပြုပေးချေခွင့်ပြုခဲ့ကြောင်း။

ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးအတွက် မိမိတို့ အစဉ်တစိုက် ကြိုးပမ်းလျက်ရှိရာ ၂၀၁၆ ခုနှစ် မတ်လ ၁၆ ရက်မှစပြီး မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အမေရိကန်ဒေါ်လာဖြင့်သာမက ယွမ်ငွေကြေးဖြင့်လည်း စတင်လက်ခံဆောင်ရွက်နေကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင်ရေးအတွက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေတို့ ၂၀၂၄ ခုနှစ်တွင် အပြည့်အဝ အသက်ဝင်လည်ပတ်နေပြီ ဖြစ်သည့်အပြင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုထားပါကြောင်းတို့ကိုလည်း မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် တရုတ်လုပ်ငန်းရှင်များ သိရှိနိုင်ရန် နိုင်ငံတော်သမ္မတက အသိပေးဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် မြန်မာ - တရုတ် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးတင်ပြကြရာတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်နှင့် ဒေါက်တာချာလီသန်းတို့က လုပ်ငန်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်နေရသည့် နှစ်နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် စီမံကိန်းကြီးများအား အမြန်ဆုံး ပြန်လည်စတင်နိုင်ရေး အဆိုပါဒေသများ၌ လုံခြုံရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အာကာသနည်းပညာပိုင်းဆိုင်ရာများတွင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားရန် မြန်မာနိုင်ငံအနေဖြင့် ဆန္ဒရှိပြီး ပူးပေါင်းမှုများ ဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်မှုအား ကြိုဆိုပါကြောင်း၊ တရုတ်နိုင်ငံသည် ကဏ္ဍပေါင်းစုံ၌ နည်းပညာပိုင်းဆိုင်ရာများတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့မြင်ရပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ကြမည်ဆိုပါကလည်း နောက်ဆုံးပေါ်နည်းပညာများကိုအသုံးပြု၍ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် ဈေးကွက်ခိုင်မာမှုတို့ကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဟု အကြံပြုလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန် ၁၈ ရက်မွန်းလွဲပိုင်းတွင် ရှန်ဟိုင်းမြို့ရှိ လင်းကန်အထူးဧရိယာ (Shanghai Lingang Special Area) သို့ သွားရောက်လေ့လာသည်။ လင်းကန်အထူးဧရိယာသည် ရှန်ဟိုင်းမြို့ အရှေ့တောင်ဘက်တွင် တည်ရှိပြီး မြောက်ဘက်တွင် ဖူတုန်းအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် တောင်ဘက်တွင် ယန်းရှန်နိုင်ငံတကာဆိပ်ကမ်းတို့ကြားတွင် တည်ရှိနေသည်။ ဧရိယာ ၈၁၉ စတုရန်းကီလိုမီတာ ကျယ်ဝန်းကာ Dishui ရေကန်ကို ဗဟိုပြုထားသည့် နန်ဟွေမြို့သစ်၊ လင်းကန်ပစ္စည်းကိရိယာ စက်မှုဇုန် (Equipment Industrial Zone)၊ ရှောင်ယန်ရှန်ကျွန်းနှင့် ဖူတုန်းလေဆိပ်တောင်ဘက် ဧရိယာတို့က အဓိကဇုန်များအဖြစ်ပါဝင်သည်။ လင်းကန်ဒေသသည် နောက်ဆုံးပေါ် နည်းပညာမြင့်ကဏ္ဍကြီးလေးခုကို အဓိကဖော်ဆောင်လျက်ရှိရာ Integrated Circuits (အိုင်စီပတ်လမ်းပြားနှင့် ဆီမီးကွန်ဒတ်တာ ထုတ်လုပ်ရေး)၊ Artificial Intelligence - AI (ဉာဏ်ရည်တုနည်းပညာ)၊ Biomedicine (ဇီဝဆေးဝါးလုပ်ငန်း)၊ Aerospace (အာကာသနှင့် လေကြောင်းနည်းပညာ) လုပ်ငန်းများတည်ရှိပြီး စွမ်းအင်သစ်သုံးမော်တော်ယာဉ် (New Energy Vehicles -NEVs) လုပ်ငန်းများ၊ အဆင့်မြင့် အဏ္ဏဝါရေကြောင်းလုပ်ငန်းများ (Ocean Industry) နှင့် အခြားအဆင့်မြင့် နည်းပညာလုပ်ငန်းများလည်း တည်ရှိသည်။ ကမ္ဘာကျော် Tesla Giga factory 3 သည် လင်းကန်ဒေသတွင်ရှိပြီး တစ်နှစ်လျှင် Tesla ကားစီးရေ သိန်းနှင့်ချီ၍ ထုတ်လုပ်လျက်ရှိသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့ Hongqiao Railway Station မှ ဟန်ကျိုးမြို့ Hangzhou East Railway Station သို့ မြန်နှုန်းမြင့်ရထားခရီးထွက်ခွာရာ ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ ရှန်ဟိုင်း-ဟန်ကျိုး မြန်နှုန်းမြင့်ရထားခရီးသည် ခုတ်မောင်းချိန် ၄၅ မိနစ်မျှသာ။ နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ဟန်ကျိုးမြို့ Hangzhou East Railway Station သို့ ရောက်ရှိကြရာ ဟန်ကျိုးမြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကျဲ့ကျန်းပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာဝမ်ဟောက်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဇွန် ၁၈ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ကျဲ့ကျန်းပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာဝမ်ဟောက်က ခေတ္တတည်းခိုလျက်ရှိသည့် ဟန်ကျိုးမြို့ Huajia Shanzhuang ဟိုတယ်ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူးက ကျဲ့ကျန်းပြည်နယ်တွင် နေထိုင်သည့် ဒေသခံပြည်သူ ၆၇ သန်းကျော်ကိုယ်စား အဆွေတော်သမ္မတကြီးအား လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်း၊ ကျဲ့ကျန်းပြည်နယ်သည် သွင်းကုန်၊ ထုတ်ကုန်ပမာဏကြီးမားသည့်ဒေသဖြစ်ပြီး ဆန်းသစ်တီထွင်မှု အရည်အသွေးမြင့်မားသည့် လုပ်ငန်းပေါင်းများစွာကို ပိုင်ဆိုင်ထားရှိကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားကောင်းသည့် ဒေသဖြစ်ပါကြောင်း၊ ကျဲ့ကျန်းပြည်နယ်နှင့် မြန်မာနိုင်ငံအကြား စီးပွားရေးနှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းလာလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးမြှင့်နိုင်ရေးအတွက် လိုအပ်သည့် တွေ့ဆုံဆွေးနွေးမှုများနှင့် ကူးလူးဆက်ဆံခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျဲ့ကျန်းပြည်နယ်သို့ ပထမဦးဆုံးအကြိမ် ရောက်ရှိလာသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ လှိုက်လှဲနွေးထွေးစွာကြိုဆိုမှုများနှင့် သာယာလှပပြီး စိမ်းလန်းစိုပြည်မှုရှိသည့် ကျဲ့ကျန်းပြည်နယ်သို့ လာရောက်လေ့လာခွင့်ရရှိသည့်အတွက် ဝမ်းမြောက်မိကြောင်း၊ အချိန်အခါနှင့် ခေတ်စနစ်များ မည်ကဲ့သို့ပင် ပြောင်းလဲသည်ဖြစ်စေ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် ပိုမိုတိုးတက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံ ပြည်သူများ၏ နှလုံးသားချင်းနီးစပ်မှုသာ ကျန်သည့်ကဏ္ဍများတွင်လည်း ပိုမိုနက်ရှိုင်းသည့် ယုံကြည်မှုများကို တည်ဆောက်နိုင်မည် ဖြစ်သဖြင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နည်းပညာ၊ အထည်အလိပ်၊ စိုက်ပျိုးရေးနှင့် လက်ဖက်၊ စွမ်းအင် စသည့်ကဏ္ဍအသီးသီးတို့တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်ကိစ္စများ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဟန်ကျိုးသည် ကမ္ဘာ့မြေပြင်ပေါ်မှ နတ်ဘုံနတ်နန်း ဟူ၍ နာမည်ကျော်သည့်မြို့။ ကြည်နူးဖွယ်ရာ သဘာဝအလှတရားများနှင့် ယူနက်စ်ကို၏ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် အနောက်ဘက်ရေကန်တို့ တည်ရှိသလို ကမ္ဘာကျော် ကော်ပိုရိတ်တစ်ခုဖြစ်သည့် အလီဘာဘာ၏ ရုံးချုပ်များတည်ရှိရာ မြို့လည်းဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၁၉

ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr.Igor SERGEYENKO နှင့် ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Vyacheslav Volodin တို့၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံသို့ 2nd International Forum of the Union State "Great Heritage Common Future" ဖိုရမ်တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

မြန်မာလွှတ်တော်ကိုယ်စားလှယ် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်အတူ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သိရသည်။

သတင်းစဉ်



# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ

## နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ရှုပ်ထွေးလာသော ဖိုင်ဘာကေဘယ်များ ရှင်းလင်းခြင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇွန် ၁၉

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆက်သွယ်ရေး ကောင်းမွန်စေရေး၊ အင်တာနက်ဝိုင်ဖိုင်ကြိုးများ စနစ်တကျသွယ်တန်းရေး၊ အွန်လိုင်းလောင်းကစားများ ပပျောက်ရေး၊ လမ်းများအဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ကိုးခု မေးမြန်းဖြေကြားခြင်းနှင့် "အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်း" လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ နမ့်စန်မဲဆန္ဒနယ်မှ ဦးဒွေးလွင် (ခ) ဦးဒီလုံး၏ **နမ့်စန်မြို့နယ်အတွင်းရှိ နမ့်လစ်၊ ဟိုင်းနားကြီးနှင့်ပိန်းဆည်ကျေးရွာအုပ်စုများ ဖုန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဆက်သွယ်ရေးတာဝါတိုင် လေးတိုင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့်** စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် နမ့်စန်မြို့နယ် နမ့်လစ်ကျေးရွာအုပ်စုအတွင်း မိုဘိုင်းဆက်သွယ်ရေးစခန်း ၁၄ ခု၊ ဟိုင်းနားကြီးကျေးရွာအုပ်စုတွင် မိုဘိုင်းဆက်သွယ်ရေးစခန်း ၁၀ ခုနှင့် ပိန်းဆည်ကျေးရွာအုပ်စုတွင် မိုဘိုင်းဆက်သွယ်ရေးစခန်း နှစ်ခုတို့ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ မြေပြင်ကွင်းဆင်းစစ်ဆေးချက်များအရ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဟိုင်းနားကြီးကျေးရွာအုပ်စုအတွင်း မိုဘိုင်းဆက်သွယ်ရေးစခန်း သုံးခု ထပ်မံတည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် နယ်မြေများ၌ မိုဘိုင်းဆက်သွယ်ရေးစခန်းများ တည်ဆောက်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားရရှိမှု၊ ဆက်သွယ်ရေးဆက်ကြောင်းများ ချိတ်ဆက်နိုင်မှု၊ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက မိုဘိုင်းစခန်းများ တည်ဆောက်နိုင်ရေးကို ဘဏ္ဍာရေးနှစ်အလိုက် လျာထားစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပြည်မဲဆန္ဒနယ်မှ ဦးမျိုး (ခ) ဦးမျိုးအောင်၏ **မြို့နယ်အလိုက် အသုံးပြုနေသော အင်တာနက်ဝိုင်ဖိုင်ကြိုးများ စနစ်တကျသွယ်တန်းဆောင်ရွက်ခြင်းနှင့် ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဖိုင်ဘာကေဘယ်များ စနစ်တကျသွယ်တန်းဆောင်ရွက်နိုင်ရေး လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေနှင့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ခြင်းများကို ပြုလုပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဓိကမြို့ကြီးများဖြစ်သည့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ရှုပ်ထွေးလာသော ဖိုင်ဘာကေဘယ်များ ရှင်းလင်းခြင်းလုပ်ငန်းများကို အစီအမံဖြင့် ယခုစတင်ပြီး ဖိုင်ဘာကေဘယ်များ ရှင်းလင်းခြင်း၊ ဆက်သွယ်ရေးတိုင်များ များပြားရှုပ်ထွေးနေမှုအား Port Sharing လုပ်ခြင်းဖြင့် မြို့တော်အင်္ဂါရပ်နှင့်အညီ အမြင်တင့်တယ်စေရန် ဆောင်ရွက်ခြင်း၊ မြေပေါ်ရှိ ဖိုင်ဘာကေဘယ်များအား မြေအောက်သို့ ပြောင်းရွှေ့တည်ဆောက်ခြင်းတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးခင်မောင်ထွန်း၏ **ဖောင်းပြင်မြို့နယ်အတွင်းရှိ မိုဘိုင်းဖုန်း အသုံးပြုသူများမှာ MPT၊ ATOM၊ U9၊ MYTEL တို့၏ မိုဘိုင်းကွန်ရက်များ ယနေ့အထိ အသုံးပြု၍မရပါသဖြင့် အော်ပရေတာလေးခုအနက်မှအော်ပရေတာတစ်ခုကို ဆက်သွယ်အသုံးပြုခွင့်ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ဖောင်းပြင်မြို့နယ်တွင် MPT၊ ATOM၊ U9၊ MYTEL မိုဘိုင်းဆက်သွယ်ရေးစခန်းများနှင့် ချိတ်ဆက်၍ ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သို့သော် ဒေသတွင်းတိုက်ပွဲများကြောင့် ဖောင်းပြင်မြို့သို့ ချိတ်ဆက်ထားသော ပျဉ်ကိုင်း- ဖောင်းပြင်ကြားရှိ ဖိုင်ဘာဆက်ကြောင်း၊ ကလေး - ခမ်းပတ် - ဖောင်းပြင် အရန်မိုက်ခရိုဝေ့ဆက်ကြောင်းတို့ ပြတ်တောက်ခဲ့ပြီး မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများ ရပ်ဆိုင်းသွားခဲ့ပါကြောင်း။

ဖိုင်ဘာဆက်ကြောင်းများနှင့် မိုက်ခရိုဝေ့ဆက်ကြောင်းများ သွားရောက်ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် ယခုအချိန်တွင် နယ်မြေလုံခြုံရေးအခြေအနေအရ အခက်အခဲရှိနေပါကြောင်း၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုအပေါ်မူတည်၍ ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **တရားမဝင်လောင်းကစား Website နှင့် Application များမှတစ်ဆင့် လောင်းကစားပြုလုပ်သူများသည် Digital E-Money များဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါ E-Money အကောင့်များအား ဖော်ထုတ်ဖျက်သိမ်းပေးရန်နှင့် ၎င်းတို့အသုံးပြုသော Mobile Phone နံပါတ်များအား ဖျက်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကို အမြစ်ပြတ်အရေးယူဆောင်ရွက်နိုင်ရန် အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ Slot Game နှင့် လောင်းကစားအေးဂျင့်များကြော်ငြာနေခြင်းနှင့် ပတ်သက်ပြီး လောင်းကစား Website နှင့် Application များအား ပြည်တွင်း Internet Gateway များမှ ပိတ်ပင်တားဆီးထားရန် အင်တာနက်ဝန်ဆောင်မှုပေးလျက်ရှိသည့် ကုမ္ပဏီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

Slot Game များကို ကြော်ငြာလက်ခံ၊ ရိုက်ကူးထုတ်လွှင့်ခဲ့သည့် သရုပ်ဆောင်များ/ အခြားထင်ပေါ်ကျော်ကြားသူများကိုလည်း တရားဥပဒေနှင့်အညီ တရားစွဲဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လူမှုကွန်ရက်ပလက်ဖောင်းများမှတစ်ဆင့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၏ နောက်ကွယ်ရှိ ဆိုက်ဘာလိမ်လည်မှုအန္တရာယ်များ၊ ငွေကြေးဆုံးရှုံးနိုင်ခြေများနှင့် ကိုယ်ရေးအချက်အလက်ခိုးယူခံရနိုင်သည့် အခြေအနေများကို ပြည်သူလူထုထံသို့သတိပေး ထုတ်ပြန်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်၏ **ကုမ္ပဏီများက WIFI လိုင်းများ၊ Internet Package များ ရောင်းချရာတွင် မူလစာချုပ်ပါ စည်းမျဉ်းများတွင် မည်ကဲ့သို့ချုပ်ဆိုထားသည်ကို တိကျစွာအသေးစိတ် ရှင်းလင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်လိုသော ကုမ္ပဏီများကို စိစစ်၍ လုပ်ငန်းလိုင်စင်များ ချထားပေးပြီး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသုံးပြုသူများက အင်တာနက်လိုင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသည့် ကုမ္ပဏီများနှင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ဆောင်မှုအမျိုးအစားအလိုက် ရယူအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ အင်တာနက်လိုင်း ပြတ်တောက်မှုများဖြစ်ပေါ်ပါက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်ပေးနိုင်ရေး သက်ဆိုင်ရာ ကုမ္ပဏီသို့ အကြောင်းကြားရမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရေးဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများ ပြင်ဆင်ပေးခြင်းမရှိပါက အင်တာနက်လိုင်းပြတ်တောက်သည့် အချိန်ပေါ်မူတည်၍ လျော်ကြေးငွေပြန်လည်ပေးဆောင်စေရန် (သို့မဟုတ်) အင်တာနက်လိုင်းပြတ်တောက်သည့် ကာလအတိုင်း အစားထိုးဝန်ဆောင်မှုပေးအပ်ရန် သက်ဆိုင်ရာကုမ္ပဏီများသို့ ညှိနှိုင်းတောင်းဆိုဆောင်ရွက်နိုင်ပါကြောင်း၊ ထိုသို့ညှိနှိုင်းတောင်းဆိုသော်လည်း ဆက်သွယ်ရေးဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများက စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဖြည့်ဆည်းမှုမရှိပါက ဝန်ကြီးဌာနသို့ တိုင်ကြားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **မကျီးပင်-ဖြန့်ကြီး-ကင်မွန်းခြံ-ချောင်းနား မြေသား လမ်း ၃/၄ မိုင်အား အမာခံလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက မကျီးပင် - ဖြန့်ကြီး - ကင်မွန်းခြံ- ချောင်းနား မြေသားလမ်း ၃ မိုင် ၄ ဖာလုံကို အဆင်ပြေချောမောစွာသွားလာနိုင်ရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပြီး လမ်းအကျယ် ၈ ပေ အပိုင်းအတွက် လမ်းတာပေါင်ချဲ့ခြင်းနှင့် အမာခံဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လာမည့်ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိ လိုအပ်မှု ဦးစားပေးအလိုက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကျိုက်ထော်(တောင်)ကျေးရွာ၊ တာတဇင်ကျေးရွာများ၏ ကျေးရွာချင်းဆက်လမ်းသည် ပေ ၄၆၂၀ ရှည်လျားပြီး ၂၂ ပေအကျယ် မြေသားတာပေါင်ချဲ့၍ ၎င်းလမ်းပေါ်တွင် ၁၂ ပေအကျယ်၊ ၇ ပေအမြင့် ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကော့မှူးမြို့နယ် ကျိုက်ထော်(တောင်)- တာတဇင်လမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အရှည် ၇ ဖာလုံ ဂဝံခင်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ပျက်စီးလျက်ရှိပါကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရ ကုန်ထုတ်လုပ်မှု၊ အကျိုးပြုမှုများအပေါ် အခြေခံပြီး အနီးစပ်ဆုံးဘဏ္ဍာနှစ်မှစ၍ ရန်ပုံငွေအပေါ်မူတည်ပြီး ဦးစားပေးလျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိုမိုဇော်၏ **သဲကုန်းမြို့နယ် အုတ်ဆွဲ-ရင်းတိုက်တန်း- နှောကုန်း ၂ မိုင် ၆ ဖာလုံ ကုန်ထုတ်မြေနီလမ်းအား ကျောက်ချောမြေနီလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက သဲကုန်းမြို့နယ် အုတ်ဆွဲ-ရင်းတိုက်တန်း- နှောကုန်း ၂ မိုင် ၆ ဖာလုံ လမ်းသည် လမ်းအရှည် ၂ မိုင်မှာ မြေနီလမ်းအမျိုးအစားဖြစ်ပြီး ကျန် ၆ ဖာလုံမှာ မြေသားလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ လက်ရှိ မြေပြင်ကွင်းဆင်းစစ်ဆေးချက်များအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သော ၂ မိုင်သည် လမ်းကြောင်းပြတ်တောက်မှုမရှိဘဲ ကောင်းမွန်စွာအသုံးပြုလျက်ရှိနေပြီး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ထားသော လမ်းအပိုင်း ၆ ဖာလုံအား မြေသားတာပေါင်ချဲ့တင်၍ မြေနီခင်းခြင်းလုပ်ငန်းအား ဦးစားပေးလျာထားတင်ပြသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှမြို့နယ် သရက်တပင် တာဆုံ - စိန်ကန့်လန့်လမ်းမှ ပတ်တန်းကျေးရွာသို့ ဆက်သွယ်ထားသည့် အရှည် ၈၇၅၂ ပေ၊ အကျယ် ၂၂ ပေ၊ အမြင့် ၃ ပေခွဲခန့်ရှိသော ဂဝံလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မင်းလှမြို့နယ် သရက်တပင် တာဆုံ- စိန့်ကန့်လန့်လမ်းမှ ပတ်တန်းကျေးရွာအထိ လမ်းအရှည် ၂ မိုင် ၁ ဖာလုံကျော်ရှိပြီး လက်ရှိလမ်းအခြေအနေသည် ရာသီမရွေးသွားလာနိုင်သော လမ်းဖြစ်ပါကြောင်း၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေအပေါ်မူတည်၍ လမ်းလွှာအဆင့်ဆင့်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့ထားသည့် **"အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီအတွင်းရေးမှူး အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဇွန် ၂၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

## ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ပြည်ထောင်စုလမ်းမကြီးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၁၉

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၂၀၃ ဦး တက်ရောက်သဖြင့်ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) စိုင်းဝင်းခိုင်၏ **နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ထပ်သည့်ကိစ္စ အဘယ်ကြောင့် ဖြစ်ပေါ်ရပါသနည်း၊ ထိုကဲ့သို့ထပ်နေသည့်ကတ်ပြားအမှတ်ဦးစွာရရှိသူအား မည်ကဲ့သို့ စိစစ်၍ ၎င်း၏ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရန် အတွက် ကာကွယ်စောင့်ရှောက်ပေးနိုင်သနည်း၊ မသမာမှုကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ထပ်ရသည်ကို စိစစ်တွေ့ရှိရပါက မည်သို့ အရေးယူဆောင်ရွက်မည်တို့ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံသားနံပါတ်တစ်ခုတည်းကို လူပုဂ္ဂိုလ်နှစ်ဦးအား နံပါတ်ထပ်၍ ထုတ်ပေးထားခြင်းကြောင့် ကာယကံရှင်များမှလည်း အဆိုပါနိုင်ငံသားနံပါတ်ဖြင့် ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် အသုံးပြုထားသဖြင့် အခက်အခဲမရှိစေရန်အတွက် ထုတ်ပေးထားသည့် နိုင်ငံသားနံပါတ်များအား ရုံးလက်ခံ နိုင်ငံသားကိုယ်ရေးမှတ်တမ်းဖြင့် ပြန်လည်စိစစ်ခြင်း၊ သဘောရိုးဖြင့် မှားယွင်း၍ ထုတ်ပေးထားခြင်းဟုတ်မဟုတ် စစ်ဆေးခြင်း၊ ထုတ်ပေးထားသူများသည် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားအရည်အချင်းအရ အထောက်အထားခိုင်မာစွာဖြင့် ထုတ်ပေးခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ ဝန်ထမ်းမှ မရိုးဖြောင့်သောနည်းဖြင့် ထုတ်ပေးထားခြင်း ရှိ/မရှိ စစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း။

ဖြေရှင်းဆောင်ရွက်ပေးရာတွင် နိုင်ငံသားနံပါတ်တစ်ခုတည်းဖြင့် ထုတ်ပေးထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများသည် မှန်ကန်စွာထုတ်ပေးထားသော ကတ်ပြားများဖြစ်ပါက နံပါတ်ပေးသည့်စာအုပ်တွင် ဖော်ပြထားသူအား အတည်ပြုပေးပြီး ကျန်တစ်ဦးအား နံပါတ်အသစ်ဖြင့်လည်းကောင်း၊ နံပါတ်ပေးသည့်စာအုပ်တွင် နှစ်ဦးစလုံးအား နိုင်ငံသားနံပါတ်တူညီစွာ မှတ်တမ်းသွင်းထားပါက နံပါတ်ထပ်နေသူနှစ်ဦးအား တွေ့ဆုံညှိနှိုင်းစေ၍ စောစွာထုတ်ယူသူအား အတည်ပြုပြီး ကျန်တစ်ဦးအား နိုင်ငံသားနံပါတ်အသစ် ရယူစေခြင်းဖြင့်လည်းကောင်း နိုင်ငံသားနံပါတ်ကို အတည်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင်တစ်ဦးသည်ယင်းနိုင်ငံသားနံပါတ်ဖြင့် ဘွဲ့လက်မှတ်၊ ဝန်ထမ်းပင်စင်စာအုပ်များတွင် အသုံးပြုထား၍ ကျန်တစ်ဦးမှာ အသုံးမပြုပါက ယင်းပုဂ္ဂိုလ်အား နံပါတ်အသစ်ထုတ်ပေးပြီး ယခင်နိုင်ငံသားနံပါတ်အဟောင်းကို ပညာရေး၊ စီးပွားရေး၊ ရုံးဌာနများနှင့် ဆက်စပ်သည့်နေရာများတွင် သုံးစွဲထားပါက အခက်အခဲမရှိစေရန်အတွက် နံပါတ်အသစ်ဖြင့် ထုတ်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား၏ နောက်ကျောတွင် ယခင်ကိုင်ဆောင်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ဟု ရေးသွင်း၍ မူလနံပါတ်အား ဖော်ပြပေးပြီး မြို့နယ်ဦးစီးမှူးမှ အတည်ပြုလက်မှတ်



ရေးထိုးပေးပါကြောင်း။

နိုင်ငံသားနံပါတ်ထပ်နေသူနှစ်ဦးတွင် တစ်ဦးအား မသမာသောနည်းလမ်းဖြင့် ဆောင်ရွက်ပေးထားသည်ကို စိစစ်တွေ့ရှိရပါက မှန်ကန်မှုရှိသူကိုသာ အတည်ပြုပြီး နိုင်ငံသားအရည်အချင်းမရှိသူကို ထုတ်ပေးထားသည့် ပါဝင်ပတ်သက်သူဝန်ထမ်းများ သို့မဟုတ် ပါဝင်ပတ်သက် ဆက်စပ်သူများအား ဖော်ထုတ်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူအပြစ်ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်မှ ယနေ့အထိ အရာထမ်း ၃၀၊ အမှုထမ်း ၄၈ ဦး ပေါင်း ၇၈ ဦးတို့အား အရေးယူဆောင်ရွက်ခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားအရာ၊ အိမ်ထောင်စုလူဦးရေစာရင်းအရာ၊ ပြုလုပ်ကိုင်ဆောင်သူနှင့် ဆောင်ရွက်ပေးခဲ့သော ပွဲစားများအား အရေးယူဆောင်ရွက်ခဲ့မှုအနေဖြင့် ၁၀၁ ဦးရှိပြီး ၃၂ ဦးအား ပြစ်ဒဏ်ချမှတ်၍ ကျန် ၆၉ ဦးအား တရားစွဲဆိုဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်ဌွေး၏ **မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါမြို့နယ် ထီးလင်းမြို့နယ်၊ ဆောမြို့နယ်တို့ရှိ လိုင်စင်သက်တမ်းကုန်ဆုံးသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား လိုင်စင်သက်တမ်းတိုးခွင့်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မှတ်ပုံတင်သက်တမ်းတိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာ့စီးပွားရေးဘဏ်သို့ ငွေပေးသွင်းရုံဖြင့် ဆောင်ရွက်၍မရနိုင်ခြင်းနှင့် လတ်တလော လမ်းခရီးအခြေအနေအရ ဝန်ထမ်းများ နယ်လှည့်၍ လုပ်ငန်းဆောင်ရွက်ပေးရန် မဖြစ်နိုင်သေးခြင်းကြောင့် သက်တမ်းတိုးလုပ်ငန်းများကို နည်းလမ်းနှစ်မျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါမြို့နယ်များရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီများက သက်တမ်းတိုးဆောင်ရွက်လိုသော ယာဉ်မှတ်ပုံတင်စာအုပ်၊ ယာဉ်သက်သေခံလက်မှတ်နှင့် ယာဉ်မောင်းလိုင်စင်များအားစုစည်း၍ ခရိုင်ရုံး(ပခုက္ကူ)သို့ ပေးပို့ပြီး ယာဉ်စစ်ဆေးခြင်း ကင်းလွတ်ဖြင့် ယာဉ်နှင့်လိုင်စင်တစ်စောင်ချင်းစီ၏ သက်တမ်းတိုးကျသင့်ငွေများအား တွက်ချက်၍ ခရိုင်ရုံး(ပခုက္ကူ)သို့ ငွေလွှဲပေးပို့ရပါမည်ဖြစ်ပါကြောင်း၊ ဌာန အနေဖြင့် သက်တမ်းတိုးလုပ်ငန်းဆောင်ရွက်ပြီးနောက် အဆိုပါမြို့နယ်များသို့ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ကိုယ်စားလှယ်ဖြင့် ပြန်လည်ပေးပို့သွားမည်ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်၊ ယာဉ်သက်သေခံလက်မှတ်နှင့် ယာဉ်မောင်းလိုင်စင်များအား ပေးပို့ရန် လမ်းခရီးအခြေအနေအရ အခက်အခဲရှိပါက လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်စာပါအတိုင်း အဆိုပါမြို့နယ်များတွင် အသုံးပြုနေသော ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းလွန်ဖြစ်ပေါ်နေခြင်းအား အရေးယူဆောင်ရွက်မှု မပြုနိုင်စေရေးအတွက် သက်တမ်းကုန်ဆုံးနေသော ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များနှင့်စပ်လျဉ်း၍ ယာဉ်တစ်စီးချင်းစီနှင့် ယာဉ်မောင်းလိုင်စင်တစ်စောင်ချင်းစီ အလိုက် သက်တမ်းကုန်ဆုံးရက်များအား စာရင်းပြုစု၍ ဂန့်ဂေါခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမြန်ဆုံးပေးပို့နိုင်ရေး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ပခုက္ကူ)သို့ ၂၀၂၆ခုနှစ် မေ ၁၈ ရက်တွင် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အတွင်းရှိ ခရုတုတ်ကျေးရွာသည် ပန်းလောင်မြစ်ကမ်းပါးတွင် တည်ရှိပြီး နှစ်စဉ်မိုးရာသီ ရေကြီးရေလျှံမှုများကြောင့် ကမ်းပါးပြိုသည့် သဘာဝဘေးဒဏ်များ ကြုံတွေ့ခံစားကြရပါသဖြင့် ခရုတုတ်ကျေးရွာ တစ်လျှောက် ပန်းလောင်မြစ်ကမ်းပါးထိန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ခရုတုတ်အရှေ့နှင့် ခရုတုတ်အနောက် ကျေးရွာနှစ်ရွာအား ကမ်းပြိုမှုမှ ကာကွယ်နိုင်ရန် စုစုပေါင်းအလျား ပေ ၂၄၀၀ ခန့်ကို ကွန်ကရစ်ပိုင်တိုင်အခြေပြု ကျောက်ဖြည့် မြေထိန်းနံရံ (Gabion Wall) ဖြင့် တည်ဆောက်ကာကွယ်ပေးရမည်ဖြစ်ပြီး ကုန်ကျစရိတ်မှာ ကျပ် ၂၅၅၀ သန်းခန့် ဖြစ်ပါကြောင်း၊ ပန်းလောင်မြစ်ကမ်းပြိုကာကွယ်ရေးသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြစ်ငယ်၊ ချောင်းငယ်တစ်ခုတွင်ဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ခရုတုတ်အရှေ့နှင့် ခရုတုတ်အနောက် ကျေးရွာနှစ်ခုအား ကမ်းပြိုမှုမှ ကာကွယ်နိုင်ရန် စုစုပေါင်းကမ်းပြို အလျား ၂၄၀၀ ပေခန့်အတွက် ကုန်ကျစရိတ် ကျပ် ၂၅၅၀ သန်းခန့်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှလည်း လုပ်ငန်းဆောင်ရွက်ချိန်တွင် နည်းပညာ အကူအညီများ ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) နန်းပိုးစိန်၏ **ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ပြည်ထောင်စုလမ်းမကြီးမှာ ကတ္တရာခံနိုင်မှု လုံးဝမရှိတော့ဘဲ ချိုင့်ခွက်ဖြစ်ခြင်း၊ တချို့နေရာများတွင် ကတ္တရာသားမရှိတော့ဘဲ သဲနှင့် ကျောက်များပေါ်ထွန်းခြင်း၊ ရေစီးကြောင်းများပေါ်ထွန်းခြင်းကြောင့် သွားလာရေး ခက်ခဲမှုများ ဖြစ်ပေါ်လျက်ရှိပါသဖြင့် တာကော်-မိုင်းပျဉ်းလမ်း၊ မိုင်းပျဉ်း-ကျိုင်းတုံ ကတ္တရာလမ်းမကြီးအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေနှင့် ရှမ်းပြည်နယ် ရန်ပုံငွေဖြင့် ပေါင်းစပ်၍ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဖြစ်သော ၁၂ ပေ မှ ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ချဲ့ခင်းခြင်း၊ ၅ မိုင် ၁ ဒသမ ၉ ဖာလုံ၊ ၂၄ ပေ အကျယ်ကွန်ကရစ်လမ်းချဲ့ခင်းခြင်း ၁ ဖာလုံ၊ ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း ၁ ဖာလုံ၊ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း ၂ ဒသမ ၆၅ ဖာလုံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် လမ်းအနိမ့်အမြင့်ဖြေညှိခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁ မိုင် ၇ ဒသမ ၄ ဖာလုံ၊ လမ်းပေါက်များဖာထေးပြုပြင်ခြင်း ၁၀၆၇၈၈ စတုရန်းပေ၊ ယာဉ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်စေရန်အတွက် လမ်းပခုံးနိမ့်ကျနေသောအပိုင်းများအား ကျောက်ရောမြေဖြင့် ပြုပြင်ခြင်း ၂ မိုင် ၅ ဖာလုံ၊ ချောင်းရေတိုက်စား၍ လမ်းသားပဲ့ကျမှုမဖြစ်ပေါ်စေရန်အတွက် မြေထိန်းနံရံတည်ဆောက်ခြင်း ၇၇၁ ပေ၊ ရေစီးရေလာ ကောင်းမွန်စေရန်အတွက် တံတားရေပြွန်ပြုပြင်ခြင်းစသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမွေ့စေရန်အတွက် လမ်း၊ တံတားများ ပြုပြင်ဆောင်ရွက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

တာကော် - မိုင်းပျဉ်း - ကျိုင်းတုံလမ်းပိုင်း၏ အန္တရာယ်ရှိသော လမ်းကွေ့နေရာများ၊ ယာဉ်သွားလာမှုခက်ခဲသောနေရာများ၊ အတက်အဆင်းမတ်စောက်သောနေရာများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန်အတွက် ပေ ၄၀ အကျယ် လမ်းတာပေါင်ချဲ့ခြင်းနှင့် မူလကတ္တရာလမ်း ၁၂ ပေအား ၁၈ ပေအကျယ်နှင့် ၂၄ ပေအကျယ် ရရှိစေရန် ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းချဲ့ခင်း၍ လမ်းအဆင့်မြှင့်တင်ခြင်း၊ လမ်းမျက်နှာပြင်များ ပြုပြင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် စီမံချက်ရေးဆွဲ၍ ရန်ပုံငွေလျာထားတင်ပြသွားမည် ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) နန်းပိုးစိန်၏ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် မိုင်းပျဉ်း-မိုင်းဆတ် မြို့နယ်ချင်းဆက်လမ်းပေါ်ရှိ မိုင်းပျဉ်း-မိုင်းပုအွန်လမ်းအား ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်နှင့် ယမ်းမိုင်ကျေးရွာမှတစ်ဆင့် မိုင်းပုအွန်ကျေးရွာအုပ်စုရှိ ကျေးရွာများသို့ လာမည့် ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ် ရန်ပုံငွေဖြင့် ယာဉ်များလွယ်ကူချောမွေ့စွာ သွားလာနိုင်စေရန်အတွက် ကျောက်ရောမြေဖြင့် လမ်းမျက်နှာပြင်ပြုပြင်ခြင်း ၃ မိုင် ၁ ဒသမ ၉ ဖာလုံ၊ ရေစီးရေလာကောင်းမွန်စေရန်အတွက် Box Culvert ၁ စင်း တည်ဆောက်ခြင်းနှင့် လမ်း၊ တံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောက်လမ်းနှင့် အမာခံလမ်းအဖြစ် ကျန်ရှိသည့် ၁၃ မိုင် ၂ ဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် ဘဏ္ဍာရေးနှစ်အလိုက် ရှမ်းပြည်နယ်လမ်းဦးစီးဌာနမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စာမျက်နှာ ၁၂ သို့ ★

# အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များသည် နှစ်ပေါင်းထောင်ချီ တည်တံ့နေခဲ့ပြီး မိမိတို့နိုင်ငံ၏ ဂုဏ်ယူဖွယ်ပုံရိပ်ဖြစ်သည့်အတွက် မျိုးဆက်သစ်များအား လက်ဆင့်ကမ်းအမွေပေးနိုင်ရန်နှင့် ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်

❖ စာမျက်နှာ ၂၄ မှ

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးကျင်းပရသည့် ရည်ရွယ်ချက်မှာ ဗဟိုကော်မတီက တာဝန်ယူဆောင်ရွက်နေသော မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းရန်နှင့် တိမ်မြုပ်ပျောက်ကွယ်နေသည့် ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို သုတေသနပြု ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနိုင်ရန်ဖြစ်ပါကြောင်း။

အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များသည် နှစ်ပေါင်းထောင်ချီ တည်တံ့နေခဲ့ပြီး မိမိတို့နိုင်ငံ၏ ဂုဏ်ယူဖွယ်ပုံရိပ်ဖြစ်သည့်အတွက် မျိုးဆက်သစ်များအား လက်ဆင့်ကမ်း အမွေပေးနိုင်ရန်နှင့် ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ ရှေးနှစ်သန်းပေါင်းများစွာကတည်းက ပေါ်ထွန်းခဲ့သည့် လူသားမျိုးနွယ်၏အစောဆုံး မူလအစပရိုင်းမိတ်ကျောက်ဖြစ် ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်စသည့် သမိုင်းမတင်မီခေတ်များသည်လည်း မြန်မာ့မြေပေါ်တွင် တစ်ဆက်တစ်စပ်တည်း ဖြစ်တည်ပေါ်ပေါက်လာခဲ့ကြောင်း။

ထို့ပြင် သမိုင်းတင်ခေတ်၊ ပျူခေတ် ယဉ်ကျေးမှုပေါ်ထွန်းခဲ့ပြီး ရှေးပျူမြို့ဟောင်းများ အသီးသီးထွန်းကားခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာစသည့် ပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်အဖြစ် UNESCO ၏ အသိအမှတ်ပြုခံခဲ့ရပါကြောင်း၊ ပျူခေတ်နောက်ပိုင်းတွင် ထွန်းကားခဲ့သည့် ပုဂံခေတ်၏ ဗိသုကာလက်ရာများမှာ ထူးခြားမြင့်မားလှပြီး အနုပညာ၊ ဗိသုကာ ပညာရပ်များကို ကိုယ်ပိုင်ဟန်ဖြင့် လက်ရာမြောက်အောင် ဖန်တီးခဲ့ကြသည်ကို ယနေ့တိုင် တွေ့မြင်နိုင်ပါကြောင်း၊ ပုဂံခေတ်၏ ဗိသုကာပညာ၊ နံရံဆေးရေးပန်းချီနှင့် ရေစီမံခန့်ခွဲမှုများသည် ထိုခေတ်က တီထွင်ဖန်တီးနိုင်မှုနှင့် အဆင့်အတန်းမြင့်မားခဲ့မှုများကြောင့် ၂၀၁၉ ခုနှစ်တွင် ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသသည် UNESCO ၏ ကမ္ဘာ့အမွေအနှစ်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပါကြောင်း။

ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကား၊ ပုံပြင်၊ ဓလေ့ထုံးတမ်းအစဉ်အလာနှင့် ဆယ့်နှစ်လရာသီပွဲတော်များသည် တိုင်းရင်းသားလူမျိုးစုအားလုံးတို့တွင်လည်း သူ့အစဉ်အလာနှင့်သူ ရှိနေပါကြောင်း၊ ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ ထိန်းသိမ်းစောင့်ရှောက်ကြရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါကြောင်း၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်အထိ ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၉) ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါကြောင်း။

ဆက်လက်၍ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့နှင့် မြန်မာ့လက်ဖက် ယဉ်ကျေးမှုကို UNESCO သို့ တင်ပြထားပြီး မြန်မာ့ထမနဲကိုလည်း ဆက်လက်တင်သွင်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထင်ရှားသည့် ယဉ်ကျေးမှုအမွေအနှစ်များသာမက တိမ်မြုပ်နေသည့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း သုတေသနပြု ရှာဖွေဖော်ထုတ် ထိန်းသိမ်းရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းဖော်ထုတ်ခြင်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့နှင့်သက်ဆိုင်သည့်ဘာသာရပ်ဆိုင်ရာလုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဌာနတစ်ခုနှင့်တစ်ခု ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှသာ မိမိတို့၏အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့စေရန် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရာတွင် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီအနေဖြင့် မူဝါဒချမှတ်ပေးခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ပေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲရှိလာပါကလည်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆိုရှယ်မီဒီယာများနှင့်အတူ ပါလာသည့် တိုင်းတစ်ပါးယဉ်ကျေးမှုများ လွှမ်းမိုးမလာစေရန် ထိန်းသိမ်းကာကွယ်ရန်လိုအပ်သကဲ့သို့ မိမိတို့၏ ရိုးရာယဉ်ကျေးမှုအနုသုခုမများ၊ တိုင်းရင်းသားရိုးရာအကနှင့် ဂီတယဉ်ကျေးမှုအနုပညာများကို ထိန်းသိမ်းနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို အနှစ်သာရရှိရှိ အဓိပ္ပာယ်အပြည့်ဖြင့် နှစ်စဉ်ကျင်းပပေးခဲ့သည်မှာ ငွေရတုကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ကောင်းမြတ်သည့် ဂုဏ်ဒြပ်နှင့် အစဉ်အလာ၊ အမျိုးသားရေးစံနှုန်းများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ရေးလုပ်ငန်းများကိုကော်မတီကအလေးထားကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေရန် ဥပဒေ၊ နည်းဥပဒေများထုတ်ပြန်၍ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိကြောင်း၊ ထုတ်ပြန်ခဲ့သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း ပြည်သူလူထုအကြား ချပြရှင်းလင်း အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းမှု၊ ကာကွယ်စောင့်ရှောက်မှုများသည် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးရာရောက်ပြီး နိုင်ငံအတွက် ကောင်းမွန်သည့် ပုံရိပ်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်သည့် လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံသားတိုင်း အလေးအနက်ထား ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

လူငယ်များအနေဖြင့် တိုင်းတစ်ပါး ယဉ်ကျေးမှုအပေါ် နှစ်သက်မြတ်နိုးပြီး မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အလေးမထားဘဲ ပစ်ပယ်လာကြမည်ဆိုပါက အမျိုးသားရေးစိတ်ဓာတ် လျော့ပါးလာမည်ဖြစ်ကြောင်း၊ တိုင်းတစ်ပါးယဉ်ကျေးမှု မလွှမ်းမိုးအောင်လည်း အထူးဂရုပြုရမည်ဖြစ်ကြောင်း၊ မြန်မာတို့၏ ထင်ရှားသည့် ပန်းဆယ်မျိုးကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းပေးကြရန် တိုက်တွန်းလိုကြောင်း၊ မြန်မာ့ဓာတ်သဘင် တစ်ခေတ်ဆန်းပြီး လူထုစိတ်ဝင်စားလာချိန်တွင် မြန်မာ့ဓာတ်သဘင် တိုးတက်ရန်နှင့် လမ်းမှားမရောက်ရေး ထိန်းကျောင်းပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မြင့်က မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအေးထွန်းက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနတို့မှ ပေးပို့တင်ပြလာသော အမှာစာများကို တာဝန်ရှိသူများက လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အစည်းအဝေး တက်ရောက်လာကြသူများ၏ ရှင်းလင်းဆွေးနွေး တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

★ စာမျက်နှာ ၁၁ မှ

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးစိုးမင်းစမ်း၏ **ပဲခူးတိုင်းဒေသကြီး ဝေါမြို့တောင်ဘက် ရန်ကုန် - မော်လမြိုင် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးဂိတ်အနီး ယာဉ်ပိတ်ဆို့မှုများ ဖြေရှင်းနိုင်ရန်အတွက် ညောင်ခါးရှည်စစ်ဆေးရေးစခန်းအား ဗဟိုထားကာ ဝေါဘက်ခြမ်းသို့ အရှည်မိုင်ဝက်၊ စစ်တောင်းတံတားဘက်ခြမ်းသို့ အရှည်မိုင်ဝက်၊ လမ်းအရှည်စုစုပေါင်း ၁ မိုင်ခန့်ကို လက်ရှိ ၄ လမ်းသွားမှ ၈ လမ်းသွားအထိ တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ရှိလမ်း အခြေအနေသည် စစ်တောင်းတံတား(မုပ္ပလင်)ချဉ်းကပ်လမ်း မိုင်တိုင် ၀ မိုင်မှ ၂ မိုင်အထိ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် အကျယ် ၄၈ ပေ ကတ္တရာကွန်ကရစ်လမ်းတိုးချဲ့ ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ညောင်ခါးရှည်စစ်ဆေးရေးဂိတ်အနီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားရခြင်းသည် စစ်ဆေးရေးဂိတ်၏ လုပ်ငန်းစဉ်များအရ ယာဉ်စစ်ဆေးမှုဆောင်ရွက်စဉ် ယာဉ်များစစ်ဆေးမှုခံယူရန် စနစ်တကျ တန်းစီမှု မရှိဘဲ ယာဉ်တစ်စီးနှင့်တစ်စီး ကျော်တက်ဝင်ရောက်ခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါကြောင်း။

ညောင်ခါးရှည်စစ်ဆေးရေးဂိတ်အနီး ယာဉ်ကြောပိတ်ဆို့မှုများမရှိစေရေးအတွက် ယာဉ်များ လက်ယာဘက်ယာဉ်ကြောမှ တစ်စီးနှင့်တစ်စီး ကျော်တက်မောင်းနှင်ခြင်းမပြုဘဲ သတ်မှတ်ယာဉ်ကြောအတိုင်း စနစ်တကျ တန်းစီစစ်ဆေးခံရန် အသိပေး၊ သတိပေးဆိုင်းဘုတ်များကို ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ စိုက်ထူဆောင်ရွက်သွားမည်ဖြစ်ပြီး လတ်တလောအနေဖြင့် စစ်ဆေးရေးဂိတ်ကိုဗဟိုထားကာ ဝေါဘက်ခြမ်းသို့ အရှည်မိုင်ဝက်၊ စစ်တောင်းတံတားဘက်ခြမ်းသို့ အရှည်မိုင်ဝက် လမ်းအရှည် စုစုပေါင်း ၁ မိုင်အား B.O.T ကုမ္ပဏီမှ လာမည့် ပွင့်လင်းရာသီတွင် တစ်ဖက်လျှင် ယာဉ်သွားလမ်း ၁ လမ်းစီ ထပ်မံတိုးချဲ့ဆောင်ရွက်စေရေး စီမံပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်း၊ ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ပေးအပ်ခံရသည့် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၅) ဦးမျိုးမင်းနောင်က ပြည်တွင်း၊ ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်း၊ ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးမျိုးမင်းနောင်နှင့် အတွင်းရေးမှူးအဖြစ် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်ဌေးတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် ပြည်တွင်း၊ ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တာဝန်ပေးအပ်ခံရသည့် ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၄) ဦးဆူရယ်က နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၅) ဦးအောင်သီဟနှင့် အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးရဲရင့်စိုးညွန့်တို့အပါအဝင် အဖွဲ့ဝင်၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တာဝန်ပေးအပ်ခံရသည့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးထိန်လင်းက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၅) ဦးထိန်လင်းနှင့် အတွင်းရေးမှူးအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဦးဆီဟူးဒွေ့တို့ အပါအဝင် အဖွဲ့ဝင်၁၅ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို ဇွန် ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးစဉ်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးစဉ်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)၊ "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ခဲ့မှုအရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၇ ရက်တွင် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် ရှမ်းပြည်နယ် မိုင်းလားမြို့သို့ သွားရောက်ခဲ့ရာ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက်တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)မှ ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ အမြဲတမ်းကော်မတီဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အစိုးရသစ်ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြောကြားပြီး အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် အစိုးရသစ်၏ လုပ်ငန်းစဉ်များတွင် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပညာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားတည်ငြိမ်ရေးတို့ကို ဦးစားပေးဆောင်ရွက်မည့် ကိစ္စရပ်များအပေါ် မိမိတို့အနေဖြင့် အလေးထားအသိအမှတ်ပြုပါကြောင်း၊ အထူးသဖြင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အရေးကြီးကဏ္ဍတွင်ထားရှိခြင်းအပေါ် အပြုသဘောဆောင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် အဆင်သင့်ရှိကြောင်း၊ ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုးစေရန် တစိုက်မတ်မတ် လျှောက်လှမ်းလျက် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့က ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်ကြားရေး ဆရာ ဆရာမလိုအပ်ချက်များ၊ စိုက်ပျိုးမွေးမြူရေးကိစ္စများ၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားတိုက်ဖျက်ရေး၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ နှိမ်နင်းရေး၊ လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးကိစ္စများ၊ ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နှစ်ဖက် အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဇွန် ၁၈ ရက်တွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်နယ် ပန်ဆန်းမြို့သို့ သွားရောက်ခဲ့ရာ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းနှင့် အဆင့်မြင့်ခေါင်းဆောင်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့က ကြိုဆိုကြပြီး တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

တွေ့ဆုံပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ငြိမ်းချမ်းရေးကော်မတီ (၃)ရပ် ဖွဲ့စည်းထားမှုနှင့် ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့မှု အခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားပြီး "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌက အဖွဲ့အစည်း၏ ရပ်တည်ချက်နှင့် သဘောထားများ၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးကို အစဉ်တစိုက်ထိန်းသိမ်းဆောင်ရွက်နေမှု၊ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရသစ်၏ ဦးဆောင်မှုအောက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြည်သူ့နေထိုင်မှုဘဝ တည်ဆောက်ရေးကို ရှေ့ဆက်တိုးမြှင့်ဆောင်ရွက်လိုမှု အခြေအနေများ၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုဖြင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းနိုင်ရေးကိစ္စများနှင့် ဒေသဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လက်ရှိနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေ၊ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်နေမှု၊ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လက်ရှိအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် နိုင်ငံရေးရည်မှန်းချက်များ ထားရှိဖော်ဆောင်နိုင်ရေးကိစ္စများကို နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

※ စာမျက်နှာ ၂၄ မှ

PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၃၈ ဦးနှင့် အမျိုးသမီး ၃၈ ဦး စုစုပေါင်း ၃၇၆ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ငါးဦး၊ ချမ်းမြသာစည်မြို့နယ်မှ အမျိုးသား သုံးဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ၄၀၊ အမျိုးသမီး လေးဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး သုံးဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၄၅ ဦး၊ အမျိုးသမီး သုံးဦး၊ မိုးကုတ်မြို့နယ်မှ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ရှစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၃၇ ဦး၊ အမျိုးသမီး ငါးဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသား တစ်ဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၅၀၊ အမျိုးသမီး နှစ်ဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး လေးဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား သုံးဦး၊ ချောက်မြို့နယ်မှ အမျိုးသား လေးဦး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး နှစ်ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား နှစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား တစ်ဦး၊ မြစ်သားမြို့နယ်မှ အမျိုးသား သုံးဦး၊ ငဖဲမြို့နယ်မှ အမျိုးသား ခုနစ်ဦး၊ စလင်းမြို့နယ်မှ အမျိုးသား နှစ်ဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသား နှစ်ဦး၊ သရက်မြို့နယ်မှ အမျိုးသား လေးဦး၊ မင်းတုန်းမြို့နယ်မှ အမျိုးသား သုံးဦး၊ တောင်တွင်းကြီးမြို့နယ်မှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး တစ်ဦး၊ ပခုက္ကူမြို့နယ်မှ အမျိုးသား ၂၅ ဦး၊ အမျိုးသမီး တစ်ဦး၊ ကျောမြို့နယ်မှ အမျိုးသား တစ်ဦး ပေါင်း အမျိုးသား ၃၃၈ ဦးနှင့် အမျိုးသမီး ၃၈ ဦး စုစုပေါင်း ၃၇၆ ဦးတို့အား ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA –1 အမျိုးအစား သေနတ် ရှစ်လက်၊ MA –2 အမျိုးအစား သေနတ် နှစ်လက်၊ MA –3 အမျိုးအစား သေနတ် ရှစ်လက်၊ M –22 အမျိုးအစား သေနတ် နှစ်လက်၊ AK–47 အမျိုးအစား သေနတ် တစ်လက်၊ MA –11 အမျိုးအစား သေနတ် တစ်လက်၊ Type 81 အမျိုးအစား သေနတ် နှစ်လက်၊ ပစ္စတိုသေနတ် နှစ်လက်၊ လက်လုပ်သေနတ် အမျိုးအစား ၁၂ လက်၊ ကျည်အိမ် မျိုးစုံ ၃၉ ခု၊ ကျည်မျိုးစုံ အတောင့် ၇၉၀၊ လက်ပစ်ဗုံးမျိုးစုံ ငါးလုံး၊ စကားပြောစက် သုံးလုံးနှင့် မှန်ပြောင်း တစ်လက်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၂၄ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၂၀၀၊ ပစ္စတိုသေနတ် နှစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၄၀၊ လက်လုပ်သေနတ် ၁၂ လက်အတွက် ဆုကြေးငွေကျပ်သိန်း ၆၀၊ လက်ပစ်ဗုံး ငါးလုံးအတွက် ဆုကြေးငွေကျပ် ၁၅ သိန်း၊ စကားပြောစက် သုံးလုံးအတွက် ဆုကြေးငွေကျပ်ခြောက်သိန်း၊ မှန်ပြောင်း တစ်လက်အတွက် ဆုကြေးငွေကျပ် နှစ်သိန်း၊ လက်နက်မပါ အလင်းဝင်ရောက်လာသူများအား တစ်ဦးလျှင် တစ်သိန်းနှုန်းဖြင့် ၃၄၁ ဦးအတွက် ဆုကြေးငွေကျပ် ၃၄၁ သိန်း စုစုပေါင်း ၁၆၆၄ သိန်းကျပ်အား ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ အပ်နှံထားသော လက်နက်/ခဲယမ်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လက်ဖက်ရည်၊ မုန့်တို့ဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာခိုင်ခိုင်စိုး၏ ဖြေကြားချက်

**မေး။ ။ သမ္မတကြီးရဲ့ တရုတ်ချစ်ကြည်ရေးခရီးစဉ်က ဘယ်လိုမျိုး ရည်ရွယ်ချက်တွေနဲ့ သွားရောက်ခဲ့တယ်ဆိုတာ ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ ဟုတ်ကဲ့ပါ၊ သမ္မတကြီးရဲ့ တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ် (State Visit) က အဓိကရည်ရွယ်ချက်လေးခုနဲ့ သွားခဲ့တာ ဖြစ်ပါတယ်။ ပထမရည်ရွယ်ချက်ကတော့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တရုတ်-မြန်မာ နှစ်နိုင်ငံ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဖို့ ဖြစ်ပါတယ်။ ဒုတိယတစ်ခုက မြန်မာနိုင်ငံရဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ကြဖို့ပါ။ တတိယတစ်ခုက တရုတ်နိုင်ငံရဲ့ Investment တွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ရေးနဲ့ စတုတ္ထတစ်ခုကတော့ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ဖြစ်ပါတယ်ရှင့်။

**မေး။ ။ ဒီခရီးစဉ်ကနေပြီးတော့ နိုင်ငံရေးအရ ဘယ်လိုမျိုး အကျိုးအမြတ်တွေကို ရရှိမယ်လို့ သုံးသပ်ပါသလဲရှင့်။**

ဖြေ။ ။ ဒီခရီးစဉ်က တရုတ်-မြန်မာ ချစ်ကြည်ရေးခရီးစဉ်၊ သမ္မတကြီးရဲ့ ချစ်ကြည်ရေးခရီးစဉ်ကနေပြီးတော့ ကျွန်မတို့နိုင်ငံအတွက် အကျိုးအမြတ်တွေ အများကြီးဆောင်ကြဉ်းပေးလာနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ဒီခရီးစဉ်မှာ တရုတ်သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်၊ ဝန်ကြီးချုပ်၊ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ၊ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ကျွန်မတို့ တွေ့ဆုံခဲ့ပါတယ်ရှင့်။

သမ္မတကြီး ရှီကျင့်ဖျင်နဲ့ တွေ့ဆုံတဲ့အချိန်မှာ သမ္မတကြီးက ဘာကို အလေးပေးပြီး ပြောကြားလဲဆိုတော့ ကျွန်မတို့ တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး ဒါကို တိုးမြှင့်ချင်တယ်။ နောက်တစ်ခုက တရုတ်-မြန်မာ အေးတူပူအမျှ အသိုက်အဝန်းကို ထူထောင်ဖို့၊ ဒီနှစ်ခုကို အလေးထားပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ နောက်တစ်ခုကတော့ ကျွန်မတို့ ဒီမဟာဗျူဟာမြောက် ဘက်စုံပူးပေါင်းဆောင်ရွက်ဖို့ကိုလည်း အလေးထားပြီး ပြောခဲ့ပါတယ်ရှင့်။ ဒါ့အပြင် မကြာသေးခင်က မြန်မာနိုင်ငံမှာ ဆောင်ရွက်ခဲ့တဲ့ အထွေထွေရွေးကောက်ပွဲကိုလည်း ကြိုဆိုတယ်၊ လက်ရှိ ကျွန်မတို့ ရွေးကောက်ခံအစိုးရကိုလည်း အပြည့်အဝ ထောက်ခံအားပေးတယ်ဆိုတာကို ခိုင်ခိုင်မာမာ ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ကျွန်မတို့ အခုလက်ရှိ ရွေးကောက်ခံအစိုးရကနေပြီးတော့ ဆောင်ရွက်နေတဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးကိစ္စတွေကိုလည်း ထောက်ခံပါတယ်၊ ရှေ့ဆက်ပြီးလည်း ဆက်လက်ထောက်ခံသွားပါမယ်ဆိုပြီးတော့ အခိုင်အမာ ပြောဆိုခဲ့ပါတယ်။

နောက်တစ်ခုကတော့ နိုင်ငံတကာမျက်နှာစာမှာ၊ ကုလသမဂ္ဂမှာ၊ အာဆီယံအသိုက်အဝန်းမှာ မြန်မာနိုင်ငံအနေနဲ့ တန်းတူညီမျှ အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးကိုလည်း ထောက်ခံသွားမယ်ဆိုပြီးတော့ ပြောကြားခဲ့ပါတယ်။ ဒါကြောင့်မို့ ဒီခရီးစဉ်က မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာမျက်နှာစာမှာ စာမျက်နှာသစ် ဖွင့်လှစ်နိုင်တော့မှာ ဖြစ်တာမို့လို့ ကျွန်မတို့နိုင်ငံအတွက် နိုင်ငံရေးအရ၊ သံတမန်ရေးအရ များစွာ အကျိုးရှိတဲ့၊ အောင်မြင်တဲ့ ခရီးစဉ်တစ်ခု၊ ရည်ရွယ်ချက်တွေကို ပေါက်မြောက်အောင်မြင်တဲ့ ခရီးစဉ်တစ်ခုလို့ ဆိုနိုင်ပါတယ်ရှင့်။




**မေး။ ။ တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ကနေပြီးတော့ စီးပွားရေးအတွက် ဘယ်လိုမျိုး အကျိုးကျေးဇူးတွေ ရရှိလာပါသလဲ။**

ဖြေ။ ။ ကျွန်မတို့ ဒီသမ္မတကြီးရဲ့ တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်မှာ စီးပွားရေးအတွက်လည်း အကျိုးအမြတ်များစွာ ရရှိခဲ့ပါတယ်ရှင့်။ ဒီခရီးစဉ်အတွင်းမှာပဲ ရှန်ဟိုင်းမှာ Myanmar-China Trade and Investment Networking Summit ကို ကျင်းပခဲ့ပါတယ်။ ဒီ Summit မှာ တရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင် ၅၀၀ ကျော် တက်ရောက်ခဲ့ပြီးတော့ မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင် ၂၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ပါတယ်။ အဲဒီတရုတ်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေထဲမှာလည်း State-owned enterprise က လုပ်ငန်းရှင်တွေပါသလို Belt and Road Initiative မှာ ပါဝင်တဲ့ ကုမ္ပဏီအကြီးကြီးတွေလည်း ပါဝင်ခဲ့ပါတယ်။ ဒီ Summit ကနေပြီးတော့မှ ကျွန်မတို့ Business to Business MoU အခု ၇၀ ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါ ဝမ်းမြောက်ဖွယ်သတင်းပါ။ ဒါက ကျွန်မတို့နိုင်ငံက ပြည်သူပြည်သားတွေအတွက်၊ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် အခွင့်အလမ်းကောင်းတွေ သယ်ဆောင်လာနိုင်တယ်လို့ ဆိုနိုင်ပါတယ်ရှင့်။

**မေး။ ။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့က အခုလိုမျိုး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို အဆင့်တစ်ခုအထိ ဆွေးနွေးခဲ့တဲ့ ကိစ္စတွေက မြန်မာနိုင်ငံက ပြည်သူတွေအတွက် ဘယ်လိုမျိုးရလဒ်တွေကို အကျိုးကျေးဇူးတွေ ရရှိနိုင်ပါသလဲ။**

ဖြေ။ ။ အခုဆွေးနွေးပွဲတွေမှာက မြန်မာနိုင်ငံမှာရှိတဲ့ အလွှာအသီးသီး၊ လူထုလူတန်းစားအသီးသီးအတွက်ကို အကျိုးဖြစ်ထွန်းစေမယ့် ကိစ္စများစွာကို ဆွေးနွေးခဲ့ပါတယ်။ ပြောရမယ်ဆိုရင် ကျွန်မတို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မြန်မာနိုင်ငံရဲ့ အခြေခံအကျဆုံးလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကနေစပြီး ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာတိုးတက်ရေး၊ AI၊ IT ကဏ္ဍ၊ အာကာသကဏ္ဍတွေမှာပါ ဖွံ့ဖြိုးတိုးတက်ဖို့၊ ပူးပေါင်းလုပ်ဆောင်ဖို့ ဒါတွေကို ဆွေးနွေးခဲ့ပါတယ်။ လျှပ်စစ်နဲ့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကိစ္စတွေ၊ ရထားလမ်းဖောက်လုပ်ရေး ကိစ္စတွေ၊ ဓာတ်သတ္တုတူးဖော်ရေးကိစ္စတွေ ဒါတွေအားလုံးကိုလည်း အသေးစိတ် ဆွေးနွေးပြီးတော့မှ သဘောတူညီမှုတွေ ရရှိခဲ့ပါတယ်။

ထပ်ပြီး သတင်းစကားတစ်ခုပါးချင်တာကတော့ ကျွန်မတို့ ဒီခရီးစဉ်ကနေပြီးတော့မှ အာကာသနည်းပညာဆိုင်ရာ ကိစ္စရပ်တွေ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စတွေ၊ မိုးလေဝသစောင့်ကြည့်ရေးကိစ္စတွေအတွက်ကို မြန်မာနိုင်ငံက ပညာရှင်တွေနဲ့ တရုတ်က ပညာရှင်တွေ ပူးပေါင်းပြီးတော့ မကြာခင်မှာ ဂြိုဟ်တုတစ်လုံး လွှတ်တင်ဖို့အတွက်ကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒါဟာဆိုရင် သမ္မတကြီးရဲ့ ခရီးစဉ်ကနေပြီးတော့မှ အာကာသကို မြန်မာနိုင်ငံက ခြေလှမ်းသစ်စတင်တဲ့ ခရီးစဉ်တစ်ခုလို့လည်း ပြောနိုင်ပါတယ်ရှင့်။

**မေး။ ။ ဟုတ်ကဲ့ပါရှင့်။ သမ္မတကြီးရဲ့ ပြောရေးဆိုခွင့်ရှိသူ တစ်ယောက်အနေနဲ့ ဒီတရုတ်-မြန်မာ ချစ်ကြည်ရေးခရီးစဉ်နဲ့ပတ်သက်ပြီးတော့ ဘယ်လိုမျိုး မြင်ပါသလဲ၊ ဘာများ ပြောကြားချင်တာ ရှိပါသလဲရှင့်။**

ဖြေ။ ။ စောစောက ကျွန်မပြောခဲ့သလိုပါပဲ၊ နိုင်ငံတော်သမ္မတကြီးရဲ့ ချစ်ကြည်ရေးခရီးစဉ်က အောင်မြင်တဲ့ ခရီးစဉ်၊ စောစောက ပြောခဲ့တဲ့ ရည်ရွယ်ချက်တွေကို ပေါက်မြောက်အောင်မြင်တဲ့ ခရီးစဉ်လို့ ပြောနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ နိုင်ငံရေးအရ၊ သံတမန်ရေးအရ အောင်မြင်ခဲ့သလို စီးပွားရေးအရလည်း မြန်မာပြည်သူပြည်သားတွေအတွက် အကျိုးဖြစ်ထွန်းစေမယ့် ကိစ္စရပ်တွေအများကြီးကို သယ်ဆောင်လာနိုင်တယ်ဆိုတာကို ပြောချင်ပါတယ်။

ဒါ့အပြင် B to B လက်မှတ်ရေးထိုးနိုင်ခဲ့သလို G to G လည်း MoU ၁၈ ခု၊ အဲဒီ ၁၈ ခုမှာလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စတွေ၊ ပြန်ကြားရေးကိစ္စ၊ ကျန်းမာရေးကိစ္စ၊ လူမှုရေးကိစ္စ ဒါတွေအားလုံးပါဝင်တဲ့ MoU ၁၈ ခု ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါဟာဆိုရင် ကျွန်မတို့နိုင်ငံရဲ့ ပြည်သူပြည်သားတွေအတွက် ကောင်းကျိုးတွေကို သယ်ဆောင်လာနိုင်တဲ့ Trip တစ်ခုလို့ ဆိုနိုင်ပါတယ်ရှင့်။

---

## ဓာတ်အားပိတ်ပြီး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သဖြင့် ဓာတ်အားယာယီပြတ်တောက်မည်

နေပြည်တော် ဇွန် ၁၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ၃၃ ကေဗွီ ဖွံ့ဖြိုးရေး (၂) ဓာတ်အားလိုင်းကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဇွန် ၂၀ ရက်တွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ ၃၃ ကေဗွီ စက်မှုဇုန် ဓာတ်အားခွဲရုံရှိ လျှပ်စစ်ပစ္စည်းများအား ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဇွန် ၂၁ ရက်တွင် နံနက် ၈ နာရီမှ ညနေ ၄ နာရီ အထိလည်းကောင်း ဓာတ်အားပိတ်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒက္ခိဏသီရိမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များ၊ ဟိုတယ်ဇုန်၊ ဒက္ခိဏသီရိ စက်မှုဇုန်နှင့် ရုံးဌာနအဖွဲ့အစည်းများ၊ ပျဉ်းမနားမြို့နယ် တောင်သာရပ်ကွက်၌ ပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဇွန် ၂၁ ရက်တွင် ၃၃ ကေဗွီ တပ်ကုန်း ဓာတ်အားလိုင်းကို နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တပ်ကုန်းမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ ဓာတ်အားယာယီပြတ်တောက်နေမည် ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာ နေရာများကို ကြိုတင် အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ အမှတ်(၁+၂) ဓာတ်အားလိုင်းသည် မွန်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့ ဧရိယာများသို့ စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနိုင်ရေးအတွက် အရေးပါသည့် ဓာတ်အားလိုင်းဖြစ်ပြီး ချောင်းဆုံမြို့နယ် ကညော့်ရွာအနီးရှိ ဓာတ်အားလိုင်း၏ တာဝါတိုင်အမှတ် (၂၈၇)တွင် ကြွေသီးတွဲ မီးပန်းထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ကြွေသီးတွဲများ အသစ်လဲလှယ်ခြင်းလုပ်ငန်းနှင့် တိုင်အမှတ် (၃၂၀ မှ ၃၂၇) ကြားရှိ တိုင်များတွင် ရော်ဘာပင်အကိုင်းများသည် ဓာတ်အားလိုင်းနှင့် နီးကပ်စွာ ပေါက်ရောက်နေသဖြင့် မလိုလားအပ်သည့် ဓာတ်အားပြတ်တောက်မှုများ မဖြစ်ပွားစေရေးအတွက် ရော်ဘာပင်အကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းပြီး ဓာတ်အားလွှတ်စက်ပစ္စည်းများ ထိခိုက်ပျက်စီးမှုကို ကာကွယ်နိုင်မည်ဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းများကို **ဇွန် ၂၀ တွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လေးနာရီကြာ** ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ရာ ဆောင်ရွက်နေစဉ်အတွင်း ချောင်းဆုံမြို့နှင့် ၎င်းမြို့နယ်အတွင်းရှိ ကျေးရွာများ ယာယီဓာတ်အားပြတ်တောက်နေမည် ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်တောက်မည့် အခြေအနေများကို စက်ရုံ၊ အလုပ်ရုံများနှင့် ဓာတ်အားသုံးစွဲသူ အများပြည်သူများကို ကြိုတင်အသိပေးအကြောင်းကြားထားပြီး ဖြစ်သည်။

ထို့အတူ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများရှိ Main ထရန်စဖော်မာများနှင့် Switchbay များ၊ ပို့လွှတ်ရေးနှင့်ဖြန့်ဖြူးရေးဓာတ်အားလိုင်းများနှင့် ဆက်စပ်ပစ္စည်းများ ထိန်းသိမ်းပြုပြင်ခြင်း၊ အစားထိုးလဲလှယ်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၃၀ ကေဗွီ မြောင်းတကာပင်မဓာတ်အားခွဲရုံရှိ Main Bus ကြိုးသည် ကြိုးလွှန်းပြတ်နေကြောင်း စိစစ်တွေ့ရှိရသဖြင့် အခြေအနေမဆိုးရွားမီ အစားထိုးလဲလှယ်ခြင်း ထိန်းသိမ်းပြုပြင်ခြင်း၊ ဓာတ်အားလိုင်းများတစ်လျှောက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ချို့ယွင်းကြွေသီးတွဲများ လဲလှယ်ခြင်း စသည့် လုပ်ငန်းများကို ဇွန် ၂၁ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ ယာယီဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အချို့ မြို့/မြို့နယ်များ၊ ရပ်ကွက်များနှင့် ကျေးရွာများ ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

**မန္တလေး ဇွန် ၁၉**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ အစီအစဉ်(၇)ရပ်ဖြင့်ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် စုစုပေါင်း(၇၇)ဦး တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၁၁)ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း(၁၃)ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၁နာရီတွင် ကျင်းပပြီးစီးခဲ့ရာ တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးမြောက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀

## မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများ တွေ့ဆုံပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး သဘင်ဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီးစည်ပင်သာယာရေး အဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနား စတင်ဖွင့်လှစ်ကြောင်း ကြေညာပြီး မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားခြင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ တွဲဖက်အတွင်းရေးမှူး၊ ဌာနမှူးများ၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ညွှန်ကြားရေးမှူးတို့က ရှင်းလင်းဆွေးနွေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းခြင်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**





## မန္တလေးမြို့ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**မန္တလေး ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက် ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ **(ဓါတ်ပုံ)**

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(၀၃၈)**

## အုပ်ချုပ်ရေးမှူးများ ရွေးချယ်နိုင်ရေး ကြီးကြပ်ရေးအဖွဲ့များအား အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများ ရှင်းလင်း

**ပုသိမ်ကြီး ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီး မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်နိုင်ရေး ကြီးကြပ်ရေးအဖွဲ့များအား ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများ ချပြရှင်းလင်းခြင်း အခမ်းအနားကို ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် စည်ပင်သာယာရေးရုံးရှိ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေလင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ဥပဒေအရာရှိ ဦးဝေဖြိုးက ကြီးကြပ်ရေးအဖွဲ့များအား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများအား ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်၏ တောင်ပိုင်း၊ မြောက်ပိုင်း၊ အလယ်ပိုင်းရှိ (၄၆)အုပ်စုမှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ တက်ရောက်ကြ



သည်။

အလားတူ မြို့နယ်၏ ကျွန်းပိုင်းဒေသများရှိ ကျေးရွာအုပ်စု (၁၂)အုပ်စုအတွက်လည်း ဇွန် ၁၇ ရက် နံနက်ပိုင်းက သရက်တပင်ကျေးရွာအုပ်စု၊ ရဲထွဋ်ကျေးရွာ ဓမ္မာရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**စာနည်ကိုကို(ပုသိမ်ကြီး)**

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ ကျင်းပ

**မြို့သစ် ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၆ ရက် နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က အဖွင့်အမှာစကားပြောကြားပြီး မြို့မစခန်းမှူး ဒုရဲမှူးစိုးမြင့်နိုင်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေးဆုံးရှုံးမှုမရှိစေရေး အသိပညာပေးခြင်း၊ မြို့နယ်ဥပဒေအရာရှိက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌက မြန်မာအမျိုးသမီးများနေ့ဖြစ်ပေါ်လာပုံ အကြောင်းအရာများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ရှိသူများက အမျိုးသမီးများနှင့်ပတ်သက်သည့် အသိပညာပေးအကြောင်းအရာများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဝင်းအိဇွန်(ပြန်/ဆက်)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၅)၊ ဦးပိုင်နံပါတ်(၅၁-ခ)ဟုခေါ်တွင်သော မြေဧရိယာ(၀ . ၀၁၃၇)ဧက၊ အကျယ်အဝန်းရှိ ဦးလှအောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးမြင့်(ဘ)ဦးမောင်မောင်ထွေး(၉/မရမ(နိုင်)၀၁၂၉၉၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** — **ဒေါ်မာမာဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၄၀၂၆၀၆၀၄၁၊ ၀၉–၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၀)၊ ဦးပိုင်နံပါတ်(၃၅)ဟုခေါ်တွင်သော မြေဧရိယာ(၀ . ၀၃၀၉)ဧက၊ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် အမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လှဲ့လှဲ့ကြည်(ဘ)ဦးကြည်(၁၄/ဝခမ(နိုင်)၀၀၈၂၅၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** — **ဒေါ်မာမာဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၄၀၂၆၀၆၀၄၁၊ ၀၉–၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကန့်ကွက်ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၅)၊ ဦးပိုင်အမှတ်(၉၉)၊ ဧရိယာ(ပေ ၄၀ × ပေ ၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီနံကပ်(၂)ထပ် ရေ+မီး အပြည့်အစုံတို့ကို ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းခင်စန်းဦးက ဆောက်လုပ်ပိုင်ဆိုင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် အဆောက်အအုံပြီးစီး၍ ကျွန်ုပ်မိတ်ဆွေနှင့်အတူ ဒေါ်နန်းမွေဟွမ်တို့ နေထိုင်ခဲ့ကြောင်း၊ ၎င်းနောက် ဒေါ်နန်းခမ်းဖုန်းနှင့် ၎င်း၏သားသမီးများက ရှမ်းပြည်မြောက်ပိုင်းတွင် နေထိုင်ရန် အခက်အခဲဖြစ်နေ၍ ခေတ္တနေထိုင်ခွင့်ပြုရန် ပြောဆိုပြီး အဆိုပါနေအိမ်ထဲတွင် ဝင်ရောက်နေထိုင်လျက်ရှိပါသည်။ အဆိုပါ အဆောက်အအုံမှာ ဒေါ်နန်းခင်စန်းဦးက ငွေစိုက်ထုတ်၍ ဆောက်လုပ်ထားသော အဆောက်အအုံပိုင်ရှင်ဖြစ်ကြောင်း ကြေညာပါသည်။

အဆိုပါ အဆောက်အအုံကို ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းခင်စန်းဦး မသိရှိဘဲ အဆောက်အအုံကို ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း လက်ရှိနေထိုင်သူ ဒေါ်နန်းခမ်းဖုန်းနှင့် အများသိစေရန် ကြေညာကန့်ကွက်ပါသည်။ အကယ်၍ ကျွန်ုပ်မိတ်ဆွေ မသိရှိဘဲ ရောင်းချ/ငှားရမ်းခြင်းများ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်နန်းခင်စန်းဦး**
**(၁၃/သနန(နိုင်)၀၀၀၃၆၁)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးခင်မောင်မြင့် LL.B(Advocate)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၃၃၇၅)**
**ဒေါ်သီတာလွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၉၈၃၅)**
**ဖုန်း ➤ ၀၉–၄၀၂၅၉၆၅၅၁၊ ၀၉–၉၇၁၁၁၆၇၀၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၉၀/၁)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ(၃ ဒသမ ၉၂၅)ဧကနှင့် ဦးပိုင်အမှတ်(၂-ခ)၊ ဧရိယာ(၁ ဒသမ ၆၀၈)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်များပေါ်တွင် Mandalay Garden City Construction Company Limitded မှ ဆောက်လုပ်ထားသော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၁၄)၊ အလွှာ(၁)၊ အခန်းအမှတ်(၁၀၆)၊ (၉၂၅)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်လျက်ရှိသူဟု အဆိုပြုသော ဦးနိုင်သူအောင်(ဘ)ဦးဌေးမောင်(၉/မမန(နိုင်)၀၉၀၆၃၉)ထံမှ ဒေါ်မြသန်းတင်(ဘ)ဦးကျော်ညိမ်း(၉/ဝတန(နိုင်)၁၁၈၀၃၈)မှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ပွင့်ရည်ဦး(ခ)ချောချော**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်–၁၈၉၉၉)**
**လမ်း၆၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉–၂၀၂၀၄၇၇၊ ၀၉–၉၄၂၀၂၀၄၇၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၈၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမောင်မောင် အမည်ပေါက် ဂရန်မြေကွက်၏အရှေ့ဘက်ခြမ်း(ပေ ၂၀ × ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်လှိုင်(ဘ)ဦးသန်းမောင်(၁၃/နမတ(နိုင်)၈၃၅၄၉၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးကျော်ကျော်သိန်း(LL.B)(DL.101 IP LAW)**
**တရားလွှတ်တော်ရှေ့နေ**
**(ဃ–၃/၅၈)၊ ၆၃အေလမ်း၊ မြို့သစ်(၄)ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၅၁၁၄၇၇၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ (မမ-၁၅)၊ တိုက်အမှတ်(၁၈)၊ အခန်းအမှတ်(၁၉)၊ ဒုတိယထပ်၊ ဦးမောင်မောင်စိုး(၉/မရမ(နိုင်)၀၀၃၅၈၁)ကိုင်ဆောင်သူ အမည်ပေါက် တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်နှင့် (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းကြူကြူ(၉/အမဇ(နိုင်)၀၂၂၈၉၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါတိုက်ခန်း၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်နှင်းစာစာမွန်(LL.B) အထက်တန်းရှေ့နေ**
**အမှတ်(၄၀–A)၊ ၆၇(A)လမ်း၊**
**၃၇လမ်းနှင့် ၃၇(A)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၄၀၂၅၇၄၇၀၂၊ ၀၉–၉၇၇၄၃၈၄၇၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၈)၊ တိုက်(၂၉)၊ အခန်း(၂)၊ မြေညီထပ်ရှိ တိုက်ခန်းတကွနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင် နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးမိုးသူနိုင်(ဘ)ဦးဝင်းလှိုင်(၁၃/ကခန(နိုင်)၀၈၃၈၇၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်မူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် သက်ဆိုင်ရာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ဝေဝေအောင်(LL.B) (တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ–၃)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ➤ ၀၉–၇၇၂၃၄၅၉၉၁**

## (၉-၅-၂၀၂၆)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၏ စာမျက်နှာ(၂၂)တွင် ဦးအောင်ဇော်မြင့်(ဘ)ဦးအုန်းမြင့်နှင့် အများသိစေရန်ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ နံသာရပ်နေ ဒေါ်ချိုချိုမာ(ဘ)ဦးမရန်နော(၉/အမရ(နိုင်)၀၀၃၀၈၄)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ကြေညာအပ်ပါသည်။

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ လမ်းသွယ်(၂)၊ အကွက်အမှတ်(၅၈၉)၊ ဦးပိုင်အမှတ်(က/၄၁)၏ အနောက်ဘက်ခြမ်းဖြစ်သော မြေဧရိယာ(ပေ ၂၀ × ပေ ၆၀)ကအကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်ပြီး ဒေါ်ချိုချိုမာမှ (၉-၅-၂၀၂၆)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၏ စာမျက်နှာ(၂၂)တွင် ဦးအောင်ဇော်မြင့်(ဘ)ဦးအုန်းမြင့်နှင့် အများသိစေရန်ကြေညာခြင်း ခေါင်းစဉ်ဖြင့် ကြေညာခဲ့ပါသည်။

ယခုအခါ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ဦးအောင်ဇော်မြင့်၊ ဒေါ်ချိုချိုမာနှင့် ဦးအုန်းမြင့်တို့အကြား ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ပြီး ဝန်ခံကတိစာချုပ် ချုပ်ဆို၍ ပြေလည်မှုရရှိထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်ပြီး ဦးအောင်ဇော်မြင့်အနေဖြင့် ၎င်းကိုယ်တိုင် စီမံခန့်ခွဲမှုပြုလုပ်ဆောင်ရွက်ခွင့်ရှိပါကြောင်း ဦးအောင်ဇော်မြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းထွန်းနောင်(LL.B) တရားလွှတ်တော်ရှေ့နေ**
**အကွက်(၅၀၃)၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ကျွန်းလုံးဥယျာဉ်ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉–၇၇၇၉၈၁၈၀၀**

## ပျောက်ဆုံးကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၀၉)၊ ဦးပိုင်(၆-ည)၊ ဧရိယာ(၀ ဒသမ ၀၁၆၈)ဧကရှိ ဘိုးဘပိုင်မြေကွက်အား ကျွန်တော် ဦးနေထွန်း(၉/မနတ(နိုင်)၀၂၆၄၄၂)မှ ဝယ်ယူပိုင်ဆိုင်ပြီး(၂၇-၄-၂၀၂၃)ရက်၌ ဒေါ်ဆုမွန်အောင်(၉/အမဇ(နိုင်)၀၀၆၉၆၆)အား အထူးကိုယ်စားလှယ်လွှဲအပ်ခဲ့ပါသည်။ အဆိုပါ အထူးကိုယ်စားလှယ်လွှဲစာအား ကျွန်တော် ဦးနေထွန်းမှ အသိမ်းဆည်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် တာဝန်ခံမိတ္တူကူးယူခွင့်နှင့် အထူးကိုယ်စားလှယ်လွှဲစာအား နှစ်ဦးသဘောတူ ပယ်ဖျက်ရုပ်သိမ်းသွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနေထွန်း** — **ဒေါ်ဆုမွန်အောင်**
**(၉/မနတ(နိုင်)၀၂၆၄၄၂)** — **(၉/အမဇ(နိုင်)၀၀၆၉၆၆)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၅)၊ ဦးပိုင်အမှတ်(၅၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်မြမြသိန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာစီရ်(၂)ထပ် အဆောက်အအုံ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်နော်မြမြမူ(ဘ)ဦးစောဒီလုံး(၉/မရမ(နိုင်)၀၁၆၆၇၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်နွယ်နွယ်နိုင် LL.B, D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၉၃၇/ ၂၀၁၆)**
**ဈေးကုန်းရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉–၂၅၀၀၉၆၀၇၁၊ ၀၉–၇၉၅၀၀၁၁၉၅**

# UE Export Import Company Limited

## (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)

## (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

## အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(A) လမ်းထောင့်

## ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

## အိတ်ဖွင့်လေလံကြော်ငြာအမှတ်(၁၁/၂၀၂၆-၂၀၂၇)

## အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်း

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်) (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ပိုင်မြေနှင့် အဆောက်အအုံကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်အစီအစဉ်

| | | |
|---|---|---|
| အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် နေ့ရက် | - | (၀၂-၀၇-၂၀၂၆) |
| အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် အချိန် | - | နံနက် ၀၉း၀၀ နာရီ |
| အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် နေရာ | - | အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(အေ)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။ |

(ခ) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့် ပစ္စည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**Auction 11**

(၁) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျွဲနဖားကျေးရွာ၊ ဧရိယာ(၉ ဒသမ ၉၁)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊

လေလံကြမ်းခင်းဈေး ငွေကျပ် (၁၄,၀၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းပေါင်း တစ်သိန်းလေးသောင်းတိတိ)

မှတ်ချက် ။ ။ ပိုင်ဆိုင်မှု စာရွက်စာတမ်းများ မြီရှင်ထံတွင် ရှိပါသည်။

### လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၂။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) က စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အိတ်ဖွင့်လေလံကျင်းပရေးကော်မတီက တာဝန်ယူမည် မဟုတ်ပါ။ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်ဖြစ်ကြောင်း လေလံဆွဲ ဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၃။ အိတ်ဖွင့်လေလံတင်သွင်းခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်တစ်စုံလျှင် ငွေကျပ် (၁၀၀,၀၀၀/-)နှုန်း ငွေသားဖြင့် သတင်းစာဥ္စ ပါလာသည့်ရက်မှစ၍ (၃၀-၀၆-၂၀၂၆)ရက် နောက်ဆုံးထား၍ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(အေ)လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် ဝယ်ယူနိုင်ပါသည်။

၄။ လေလံတင်ရောင်းချမည့် ပစ္စည်းများအတွက် အိတ်ဖွင့်လေလံတင်သွင်းလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ Auction 11 အတွက် သမာဓိအာမခံကြေးငွေ (Earnest Money) (ကျပ် ၂၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းနှစ်ထောင်)အား အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ထံသို့ (၃၀-၀၆-၂၀၂၆)ရက် နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ချိုချိုမြင့်၏ KBZ Bank (Mandalay) (PGT) ရှိ ငွေစာရင်းအမှတ် (04351106000055901) သို့လည်းကောင်း၊ KBZ Bank (Yangon) (PSD) ရှိ ငွေစာရင်းအမှတ် (17351106000055901) သို့လည်းကောင်း၊ AYA Bank (0025-Mandalay-003) (Kywae Sae Kan) ရှိ ငွေစာရင်းအမှတ် (40037258120) သို့လည်းကောင်း၊ UAB Bank (Mandalay) Pyigyitagon (Industry Zone) ရှိ ငွေစာရင်းအမှတ် (065070100004076) သို့လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၅။ အိတ်ဖွင့်လေလံဖွင့်မည့် (၀၂-၀၇-၂၀၂၆)ရက်တွင် သမာဓိအာမခံကြေးငွေ ပေးသွင်းသူကိုယ်တိုင် တက်ရောက်၍သော်လည်းကောင်း (သို့မဟုတ်) တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း တက်ရောက်နိုင်သည်။

၆။ အိတ်ဖွင့်လေလံပစ်မည့် မြေများ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ စာရင်းအချက်အလက်များအား (၃၀-၀၆-၂၀၂၆)ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း အမှတ်(သ-၁၅/၂၄)၊ ၁၁၅လမ်းနှင့် ၇၄(A) လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ကြည့်ရှုနိုင်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

ဖုန်း 09-758211117 , 09-758211118 , 09-758211119

**ဒေါ်ချိုချိုမြင့်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ဥက္ကဋ္ဌ**
**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**UE Export Import Company Limited**
**(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ နဝမအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား


ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ နဝမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၁၉

မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ နဝမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရှင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၂ သို့ ❖

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၃၈ ဦးနှင့် အမျိုးသမီး ၃၈ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် ဇွန် ၁၉

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည် သဘောပေါက်လာသည့်

စာမျက်နှာ ၁၃ သို့ ❊


ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက အပ်နှံသည့် လက်နက်၊ ခဲယမ်းများကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

## မက္ကဆီကိုအသင်းက တောင်ကိုရီးယားအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

လန်ဒန် ဇွန် ၁၉

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (A)ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်း ကမ္ဘာ့အဆင့် (၁၄)ရှိ မက္ကဆီကို အသင်းနှင့် ကမ္ဘာ့အဆင့် (၂၅)ရှိ တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မက္ကဆီကို အသင်းက တောင်ကိုရီးယား အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မက္ကဆီကိုအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် မိနစ် ၅၀ တွင် လူးဝစ်ရှိမိုက သွင်းယူပေးခဲ့သည်။

မက္ကဆီကိုအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (A) တတိယပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၅ ရက်တွင် ချက်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မက္ကဆီကိုအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များ မပြီးဆုံးသေးမီအချိန်၌ပင် ၃၂သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ (NGB)



## မြန်မာ ယူ-၂၀ အသင်း ဟောင်ကောင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဇွန် ၁၉

၂၀၂၆ ခုနှစ်၊ သြဂုတ်လကုန်တွင် ကျင်းပသွားမည့် 2027 AFC U-20 Asian Cup Development phase (အုပ်စု K) ပြိုင်ပွဲအတွက် မြန်မာ ယူ-၂၀ အမျိုးသားဘောလုံးအသင်းသည် ကြိုတင်ပြင်ဆင်မှုများကို အကောင်းဆုံး အရှိန်မြှင့် ဆောင်ရွက်လျက်ရှိသည်။




မြန်မာ ယူ-၂၀ အသင်းသည် အသင်း၏ လိုအပ်ချက်များကို ပြုပြင်ပြီး အကောင်းဆုံး ပုံစံတစ်ရပ် ရရှိလာစေရန်အတွက် လာမည့် ဇူလိုင် ၄ ရက်နှင့် ၇ ရက်များတွင်ဟောင်ကောင် ယူ-၂၀ အသင်းနှင့် ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းတွင် ညနေ ၄ နာရီ၌ ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ ယူ-၂၀ အသင်းသည် ၂၀၂၄ ခုနှစ် မြန်မာယူ-၁၆ အသင်းမှ ကစားသမားအများစုကို အခြေခံ၍ ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကာလရှည် စခန်းသွင်းလေ့ကျင့်နေသည့် အသင်းဖြစ်ပြီး ပြီးခဲ့တဲ့နှစ် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင် Junior Lions FC အမည်နှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ယခုနှစ်တွင်လည်း နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်မှုတစ်စိတ် တစ်ပိုင်းအဖြစ် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ (NGB)

## ဗန်ဟက်ကီကို စတာလင်ပေါင် ၅၂ သန်းဖြင့် စပါးအသင်း ခေါ်ယူ

လန်ဒန် ဇွန် ၁၉

စပါးအသင်းသည် ဘရိုက်တန်အသင်း နောက်ခံကစားသမား ဗန်ဟက်ကီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၂ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဘရိုက်တန်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၀ ပွဲကစားကာ သုံးဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဗန်ဟက်ကီက "ကျွန်တော် စပါးအသင်းကစားသမားတစ်ဦးဖြစ်လာခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ကလပ်ကြီးတစ်ခုကို ပြောင်းရွှေ့ခွင့် အိပ်မက်ကလည်း အမှန်တကယ်ဖြစ်လာခဲ့ပါပြီ"ဟု ပြောကြားသည်။ (NGB)

